မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

# မြဝတီ

နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၈)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး **စာမျက်နှာ ၁၆ ကော်လံ ၁** ✭







## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်)

# အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများပပျောက်ရေး

ငွေကြေးအလွယ်တကူရလိုစိတ်ဖြင့် လောင်းကစားခြင်းကို ဝါသနာထုံကြသူများသည် လောင်းကစားလုပ်ဆောင်ခြင်းကြောင့် ချမ်းသာသွားသည်ကိုမတွေ့ဘူးသော်လည်း လောင်းကစားလုပ်ခြင်းဖြင့် မိမိဘဝ၊ မိသားစုဘဝပျက်စီးသွားကြသူများစွာတွေ့ရသည်။ ငွေကြေးအမြောက်အမြားရလိုဇောဖြင့် လောင်းကစားတွင်ပါဝင်ရာမှ နောက်ဆုံးတွင် မြွေပါလည်းဆုံးသားလည်းဆုံးဆိုသည့်အဖြစ်မျိုးတိုးကြရသည်။ ငွေကြေးမရသည့်အပြင် မိမိမှာမူလပိုင်ဆိုင်သည့်ငွေကြေးကိုပင် လောင်းကစားကဝါးမျိုသွားပြီဖြစ်သည်။ နောက်ဆုံးတွင်ဥပဒေနှင့်မလွတ်ကင်းသောလုပ်ရပ်ဖြစ်သည့်အတွက် ပြစ်ဒဏ်များပင်ကျခံရသေးသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုပပျောက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ ယခင်ကထက်များစွာလျော့နည်းလာနေပြီဖြစ်သည်။ အထူးသဖြင့်မြန်မာနိုင်ငံအတွင်းသို့ အခြားသောနိုင်ငံအသီးသီးမှလာရောက်လုပ်ကိုင်ခြင်းဖြစ်၍ ဖမ်းဆီးရမိသူများအား နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုထောက်ထား၍ သက်ဆိုင်ရာနိုင်ငံများသို့စနစ်တကျပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများကို ဒုစရိုက်ဂိုဏ်းအသွင်လုပ်ဆောင်လာကြရာတွင် ပြည်တွင်းနိုင်ငံသားများသာမက ပြည်ပနိုင်ငံသားများကိုပါ ပါဝင်ပတ်သက်လာအောင် အွန်လိုင်းပေါ်မှပင်လိမ်လည်လှည့်ဖြားခေါ်ယူအသုံးချလျက်ရှိသည်။ နယ်စပ်ဒေသသို့တစ်ဖက်နိုင်ငံမှတစ်ဆင့် ပြည်ပနိုင်ငံသားများအလုပ်အကိုင်ဝင်ငွေရရှိရေးအတွက် တရားမဝင်ရောက်ရှိလာပြီးလုပ်ကိုင်နေခြင်းဖြစ်သည်။ ဝင်ရောက်လုပ်ကိုင်သူများကို အတင်းအဓမ္မအမြတ်ထုတ်စေခိုင်းပြီး အွန်လိုင်းအသုံးပြုသူပြည်သူများထံမှငွေကြေးများကို လိမ်လည်လှည့်ဖြားအသုံးပြုသည့်အတွက် လုပ်ငန်းမှာအကျိုးအမြတ်ကြီးမားလာပြီး ဒုစရိုက်လုပ်ငန်းများကြီးထွားလာခြင်းဖြစ်သည်။

ခေတ်မီနည်းပညာများတစ်နေ့တခြားတိုးတက်လာခြင်းနှင့်အတူ အွန်လိုင်းလိမ်လည်မှုများကျယ်ပြန့်ကြီးထွားလာပြီး တစ်ဦးချင်း တစ်စုတစ်ဖွဲ့ချင်းလိမ်လည်ကြရာမှ လူဆိုးလူမိုက်ဂိုဏ်းအသွင်ဖြစ်လာသည်။ ဤဖြစ်ရပ်မျိုးမှာ မြန်မာတစ်နိုင်ငံတည်းကြုံတွေ့ရသည့်ဖြစ်ရပ်မျိုးမဟုတ်ပေ။ ကမ္ဘာ့နိုင်ငံများတွင်ပါ ကြုံတွေ့နေရသည့် ဒုစရိုက်မှုများဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ကိုင်နေသူများအားလုံး စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်စဉ်ဆက်မပြတ်ချိတ်ဆက်ကာ တက်ကြွစွာဖော်ထုတ်အရေးယူလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်ဒုစရိုက်လုပ်ငန်းများကို စဉ်ဆက်မပြတ်တိုက်ဖျက်လျက်ရှိရာတွင် အထူးသဖြင့် နယ်စပ်ဒေသများဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီနယ်မြေတို့သို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသော ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော ပြည်ပနိုင်ငံသားစုစုပေါင်း ၉၁၈၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ ၎င်းတို့အနက် ၈၉၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီစနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်လည်းအသင့်ရှိနေသည်။

နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်လေ့ရှိသည့်အစီရင်ခံစာအရ Application များ၊ Website အတုများအသုံးပြု၍ သတင်းအချက်အလက်များရယူပြီးလိမ်လည်ခြင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍လိမ်လည်ခြင်း၊ အွန်လိုင်းပေါ်တွင်ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း၊ အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုအကြောင်းပြ၍ လိမ်လည်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဟုအကြောင်းပြ၍လိမ်လည်ခြင်း စသည့်နည်းလမ်းများကိုအသုံးပြုကြောင်းသိရှိရသည်။

အွန်လိုင်းမှတစ်ဆင့်ငွေကြေးလိမ်လည်မှုများတွင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအားကြားခံအဖြစ်အသုံးပြုခြင်းမှကာကွယ်နိုင်ရန်အတွက် ဗဟိုဘဏ်အနေဖြင့် AML/CFT ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို အားကောင်းခိုင်မာလာစေရေးဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင်စည်းမျဉ်းစည်းကမ်းများ အားကောင်းခိုင်မာရုံဖြင့် မလုံလောက်ဘဲ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု Fraud Detection အတွက် AML/CFT Compliance Framework များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများသည် လိမ်လည်မှုများအပြင် နိုင်ငံများ၏လုံခြုံရေးကိုပါခြိမ်းခြောက်မှုများရှိလာသဖြင့် နိုင်ငံအချင်းချင်းပူးပေါင်းလက်တွဲပြီး စဉ်ဆက်မပြတ်အလေးထားတိုက်ဖျက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်ခံရမှုကြောင့် ပြည်သူတို့၏ငွေကျပ်ငါးဘီလီယံခန့် နှစ်စဉ်ဆုံးရှုံးနေကြောင်းခန့်မှန်းထားသည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများအတွက် ကောင်းကျိုးဖြစ်ထွန်းမှုမရှိသော အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုဒုစရိုက်လုပ်ငန်းများတိုက်ဖျက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးပူးပေါင်းပါဝင်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် UNODC မှပေးပို့သည့်ဆောင်ပုဒ်




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## MWD Education, Knowledge & Sports Channel

၂၅-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ - ၀၈:၂၅ Grade - 7 မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ - ၁၈:၂၆ Grade - 7 အင်္ဂလိပ်စာ၊ သင်္ချာ(၁)

၃။ ၁၈:၂၆ - ၁၉:၂၂ Grade - 7 သင်္ချာ(၂)၊ ပထဝီဝင်

၄။ ၁၉:၂၂ - ၂၀:၂၅ Grade - 7 သမိုင်း၊ သိပ္ပံ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၂၅)

၁။ ကမ္ဘာစစ်ကြီးများ၏ အနိဋ္ဌာရုံများကို ခံစားကြရပြီးနောက် စစ်ပွဲများ ထပ်မံမပေါ်ပေါက်စေရန်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန်စသည့်ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ရေးဆွဲ၍ ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။ ယင်းပဋိညာဉ်စာတမ်းပါ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ပြေလည်ကျေအေးအောင်ဆောင်ရွက်ရန်ဟု ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင်လည်း လူမှုရေးတိုးတက်ရေးနှင့် လူ့ဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို မြှင့်တင်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၁၆ အရ နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအပေါ်အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ ဖြစ်ပေါ်လာမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ပဋိပက္ခအတွင်း ငြိမ်းချမ်းမှုမရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများသည် ဆင်းရဲနွမ်းပါးမှုတာရှည်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းများဖြစ်ပေါ်ပြီး လူသားဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးတို့ကို ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေပါသည်။

၃။ လူ့အခွင့်အရေးနှင့်ငြိမ်းချမ်းရေးမှာ ခွဲခြား၍မရကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးသည် ပဋိပက္ခများ လျော့နည်းပပျောက်စေရုံသာမက အပြန်အလှန်စာနာနားလည်မှုတည်ဆောက်ခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်နိုင်ခြင်း၊ မတူကွဲပြားမှုများကို လေးစားခြင်းနှင့် တရားဥပဒေအရတန်းတူအခွင့်အရေးရရှိခြင်းစသည့် အခွင့်အရေးများ ရရှိခံစားရခြင်းပင်ဖြစ်ပါသည်။

၄။ Peace Forum 2025 တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှထင်ပေါ်ကျော်ကြားသူများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံခြားသံတမန်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ ပါဝင်ကြကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါသည်။

၅။ Peace Forum 2025 သည် ပဋိပက္ခများ လျော့နည်းပပျောက်စေပြီး တိုင်းရင်းသားပြည်သူအားလုံးလိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်




# လျှင်ဘေးသင့်ပြည်သူများအတွက် ဆန် ၂၄ ပြည် အိတ် ၅၀၀ ပေးအပ်လှူဒါန်း


နေပြည်တော် ဇွန် ၂၄

ငလျင်ဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဝန်းသိုကျောင်းတိုက်မှ ဆရာတော် ဦးကေတုမာလာနှင့် သံဃာတော်များက ဆန် ၂၄ ပြည်အိတ် ၃၀၀ နှင့် အောင်ဇေရန်အောင် ဆရာတော် ဦးဥတ္တမသီရိက ဆန် ၂၄ ပြည်အိတ် ၂၀၀ စုစုပေါင်း ဆန်အိတ် ၅၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)သို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး သက်ဆိုင်ရာ ဒါယိကာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

## အထူးမိုးလေဝသသတင်း

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် ဇွန်လ ၃၀ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်








နေပြည်တော် ဇွန် ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### နတ်လှိုင်ရွာ

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် နတ်လှိုင်ရွာလေး၏အခြေအနေကို စုံစမ်း၏။ အိမ်ခြေ ၃၀ ခန့်ရှိသော ဤရွာလေးမှာ ကုန်းမြင့်ပေါ်၌ တည်ရှိလေရာ ရွာမှ ပေ ၁၀၀ ခန့် လျှောဆင်းလာသောအခါ ညီညာသောမြေပြင်ကိုတွေ့ရ၍ လယ်ကွက်များကို မြင်ရသည်။ ထူးခြားသောအခြင်းအရာတစ်ခုမှာ ကသာတစ်မြို့လုံးသည် နတ်လှိုင်ရွာသို့ချည်း သဘောတူပြောင်းရွှေ့လာကြသည့်နှယ် အိမ်တိုင်းအိမ်တိုင်းတွင် သုံး၊ လေးအိမ်ထောင်ပေါင်းစု၍ နေထိုင်ကြ၏။ ကျွန်ုပ်တို့တည်းခိုသည့်အိမ်၌လည်း အပေါ်ထပ်၊ အောက်ထပ်၊ နွားတင်းကုပ်မီးဖိုမှစ၍ ခွေးကတက်မကျန် ပြွတ်သိပ်စုပြုံ၍အိပ်ကြရ၏။ ကျွန်ုပ်တို့ အိမ်သားအားလုံးမှာ အသားကြိုက်သူများဖြစ်ပါလျက် သေနတ်ရှိသော်လည်း ဂျပန်ကြောက်သည့်အတွက်ကြောင့် တောမလည်ဝံ့သည်နှင့် ပဲဟင်းပြီး ပဲဟင်းနှင့်သာစားကြ၏။ ထောပတ်ကားပေါပါ၏။ နှစ်မြှုပ်လိုက်သော သင်္ဘောများပေါ်မှ ချရောင်းသူများထံမှ ထောပတ်တစ်ပုံးသုံးကျပ်ဖြင့်ဝယ်ထားသောကြောင့် ဟင်းသီးဟင်းရွက်များကို ထောပတ်နှင့်အလျှံပယ်ကြော်စားရပါ၏။ သို့သော် ကျွန်ုပ်တို့လူစုကား ဟိန္ဒူဝါဒ၏ရန်သူများဖြစ်ကြ၍ အသားဟင်းမပါဘဲ လေး၊ ငါးနပ်လောက်စားကြရလျှင်ပင် လင်းတသားမရှောင်စားမည်ဟု တကဲကဲပြင်လျက်ရှိကြလေပြီ။ ငါးသေတ္တာ အနည်းအကျဉ်းရှိပါ၏။ သို့ရာတွင် အညှီမပါဘဲ လုံးဝမစားနိုင်သည့် ကလေးသူငယ်များအတွက် ထားရသေးသည်။ တစ်နေ့သ၌ အုန်းသီးခန့်ပမာဏရှိသော ကျပ်တင်ခြောက်အသားတုံးကြီးများကို မိန်းမတစ်ယောက်လာရောင်းရာ ဆင်သားဟုသိရ၍ ကျွန်ုပ်တို့က အားလုံးသိမ်းကျုံးဝယ်ယူလိုက်သည်။ ယင်းနေ့ကို ကျွန်ုပ်မှတ်မိသေးသည်။ ဒေါ်ဖူးညိုနှင့် မစိုးတို့သည် ဆင်သားတုံးကြီးများကို ပါးပါးလှီး၍ ငရုတ်သီးနှင့်ကြော်ပြီး ကင်ပွန်းရွက်ချဉ်ရည်တစ်ခွက် ချက်လျက်ရှိရာ ၂၀ ခန့်မျှသော ကျွန်ုပ်တို့၏အိမ်သားများသည် ပါးစပ်တပြင်ပြင်နှင့် စောင့်လျက်ရှိကြ၏။ ထမင်းဟင်းကျက်သည်နှင့်တစ်ပြိုင်နက် မိုးရောလေပါ အပြင်းအထန်ကျလာလေရာ ကျွန်ုပ်တို့လူစုသည် နာရီဝက်ခန့်စောင့်ပါသော်လည်း မိုးလည်းမစဲ၊ လေလည်းမရပ်ဘဲရှိသည်နှင့် တတ်နိုင်ပါဘူးဆိုကာ မိုးထဲလေထဲ၌ ထမင်းစားဖို့ ပြင်ကြလေတော့သည်။ အိမ်လေးမှာ နှစ်ခန်းအိမ်မြင့်လေးဖြစ်ရာ ကျွန်ုပ်တို့လူစုသည် မိုးပက်သောကြောင့် ထိုင်ခွင့်မရဘဲ ကိုယ့်ပန်းကန်ကိုယ်ကိုင်ကာ ကင်ပွန်းရွက်ချဉ်ရည်ကိုဆမ်းပြီး ဆင်သားကြော်ဖတ်များကို ပန်းကန်တွင် ပုံလျက်စားလိုက်ဝါးလိုက်ကြသည်မှာ ဘီလူးသဘက်များ သဖွယ်ရှိပါဘိသည်။ လူတိုင်းသည် အသားငတ်လှသည်ဖြစ်သောကြောင့် တစ်ယောက်နှင့် တစ်ယောက် ဟင်းလိုက်ဖို့ တာဝန်မယူနိုင်။ မိုးထဲသို့ထွက်၍ မီးဖိုထဲသို့ဝင်ပြီး ကိုယ့်ဟင်းကိုယ် ကော်ခပ်ရလေသည်။ ဤထမင်းတစ်နပ်မှာ လွန်ခဲ့သောနှစ်ကရထားပေါ်၌ မိဘနှစ်ပါးတို့နှင့်စားရသည့် အုန်းထမင်းကဲ့သို့ ဇိမ်မရှိလှသော်လည်း ဆင်းရဲခြင်း၊ ငတ်ခြင်းတို့ကြောင့် အရသာတစ်မျိုးရှိ၍ ကျွန်ုပ်၏စိတ်ထဲတွင် အမှတ်ထင်လျက်ရှိပါတော့သည်။ ကျွန်ုပ်၏ တစ်သက်တာတွင် ထူးထူးခြားခြားမှတ်မိသော ထမင်းဆယ်နပ်လောက်အနက် တစ်နပ်အပါအဝင်ဖြစ်လေသည်။



### ငှက်ဖျားရွာကလေး

နတ်လှိုင်ရွာသို့ရောက်ကြ၍ ရက်သတ္တပတ်ခန့်ကြာသည်ဆိုလျှင်ပင် ဟိုအိမ်သည်အိမ်များမှ ငှက်ဖျား ဖျားကြသည်ဆိုသော သတင်းများကြားသိရလေပြီ။ ကျွန်ုပ်တို့၏အိမ်သားများလည်း သိကြားသားများမဟုတ်။ မကြာမတင်ပင် တစ်ယောက်ပြီးတစ်ယောက် အိပ်ရာထဲ လဲကုန်ကြလေပြီ။ ကျွန်ုပ်မှာ ၁၉၁၂ ခုနှစ်တွင် သေလုနီးပါး ငှက်ဖျားဖျားခဲ့ဖူးသော်လည်း ငှက်ဖျားဟူသည်မှာ ပြီးသည့်လက္ခဏာမရှိ။ တစ်ကြိမ်ဖျားပြီးသော်လည်း နောက်ထပ်ဖျားရသေး၏။ ဖျားသည်မှာ သက်သက်သာသာမဟုတ်။ အတော်ကြီးပြင်းထန်၏။ သို့သော် ကိုယ့်ဟာကိုယ်သေလိမ့်မည်ဟူ၍မူကား ထိုစဉ်က မထင်မိသေး။ နောက်မှ ထင်လာရသေးသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့အိမ်သားအားလုံးအနက် ဆရာမနှစ်ယောက်မှတစ်ပါး အားလုံးဖျားပါလေတော့သည်။ သို့သော် တစ်ယောက်ထနိုင်မှ တစ်ယောက်ဖျား၍ တော်ပါသေး၏။

နတ်လှိုင်ရွာ၏ ထူးခြားချက်တစ်ခုမှာ ရပ်ဝေးမှ ရောက်လာကြသည့် စစ်ပြေးများသာမဟုတ်။ ကသာမြို့ပေါ်မှ ပြေးလာကြသည့် ဧည့်သည်များလည်း ဖျားကြရသည်သာ များလေသည်။ ကျွန်ုပ်တို့၏အိမ်မှ အဖျားလွတ်သူနှစ်ယောက်မှာ တစ်ယောက်ကား ကသာမြို့ပေါ်မှ ကျောင်းဆရာမ (ကိုသိန်းဖေ၏နှမ)၊ ကျန်တစ်ယောက်ကား ရန်ကုန်မှ သူနာပြုဆရာမ (ဦးဘချစ်၏ဇနီးလောင်း) တို့ ဖြစ်ပေရာ ငှက်ဖျားသည် ဆရာမဟူသောအမည်ကို ကြောက်လေသလော၊ သို့တည်းမဟုတ် ခါတ်သဘောလေလော မပြောတတ်ပေ။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်သောကြောင့်ဟု ဆိုရန်မှာလည်း ၎င်းတို့နှစ်ယောက်သည် ကျန်းမာရေးကို ကျွန်ုပ်ထက် အလေးဂရုပြုသည်မထင်ပေ။ တစ်ယောက်ကမူ သူနာပြုတွေ ပြုစုလွန်းသည်နှင့် ဆေးတွေဝင်ပြီး ခံနိုင်ရည်ရှိနေခြင်းပေလောဟု တွေးတောစရာရှိပေသည်။

### ဇရစ်ချောင်သို့ ပြန်ကြခြင်း

၁၅ ရက်ခန့်နေကြ၍ လူတွေ ဖျားလွန်းအားကြီးလတ်သော် ကျွန်ုပ်က "ဗုံးကျလို့ မသေကြရဘဲ ငှက်ဖျားမိ၍ သေကုန်ကြမည်၊ ဆေးကောင်းဝါးကောင်းလည်းမရှိ၍ ခက်သည်" ဟု ပြောရာတွင် ကိုသိန်းဖေသည် ဇရစ်ချောင်ရွာသို့ပြန်ပြောင်းရန် တခြားလူများနှင့် အဖော်ညှိလေ၏။ သဘောတူသူသုံး၊ လေးအိမ်မျှရရှိသည်တွင် ဇရစ်ချောင်သို့ ပြောင်းလာကြပြန်၏။ ပြန်ပြောင်းသောအခါ၌လည်း ကျွန်ုပ်တို့ ဇနီးမောင်နှံပင် ရှေ့ဆုံးအသုတ်အဖြစ်နှင့်ဝင်ကြရန် တာဝန်ယူလေရာ ဦးဘချစ်၏ဇနီးလောင်း ဆရာမသည်လည်း ဦးဘချစ်၏မြေပုံနှင့် နီးစေရန်ဆိုကာ ကျွန်ုပ်တို့နှင့်အတူ လိုက်လာပေသည်။ ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ သတ္တိချင်းခပ်ပြိုင်ပြိုင် သဘောထားကြသူများဖြစ်၍ ကျွန်ုပ်၏အပြုအမူအတွက် ခပ်ရှက်ရှက်ရှိပုံရသော်လည်း သူ၏အိမ်သားများ ကျေနပ်စိမ့်သောငှာ ကျွန်ုပ်၏အစီအစဉ်ကို လက်ခံရလေသည်။ (သူ၏အိမ်သားများ ကျေနပ်စိမ့်သောငှာဆိုခြင်းမှာ ကျွန်ုပ်တို့ဇနီးမောင်နှံသည် သူတို့ထမင်းကို စားလျက်ရှိကြစဉ် အရေးအကြောင်းရှိလျှင် အားကိုးရသောဇနီးမောင်နှံနှစ်ယောက်ဟူ၍ ဒေါ်ဖူးညိုတို့ သိမြင်စေလိုခြင်းပင်ဖြစ်လေသည်။) ဇရစ်ချောင်သို့ ပြန်ရောက်ကြသောအခါ အိမ်သားများအနက် တချို့မှာ ငှက်ဖျားမပြတ်ကြသေးဘဲရှိရာ ထိုသူတို့အထဲတွင် ကျွန်ုပ်လည်း အပါအဝင်ဖြစ်သည်။ ဇနီးမစိုးကား အဖျားပြတ်လာ၍ ကျွန်ုပ်အဖို့ ကံကောင်းလှသည်။ သို့မဟုတ်ခဲ့ပါလျှင် တောင်မင်းကို မြောက်မင်းမကယ်နိုင် ဆိုသကဲ့သို့ ကျွန်ုပ်အဖို့ များစွာဒုက္ခရောက်ဖို့ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤတစ်ကြိမ် ငှက်ဖျားမှာ လွန်စွာခွန်အားကုန်ခန်းသောအဖျားဖြစ်၍ ပြုစုမည့်သူ အလွန်လိုအပ်သောကြောင့်ပေတည်း။ ဆရာမများလည်း ရှိကြပါ၏။ ပြုစုဖော်လည်း ရကြပါ၏။ သို့ရာတွင် ဤအရေးမျိုး၌ ကျွန်ုပ်တို့မြန်မာလူမျိုးသည် ဇနီးကိုသာ အားအကိုးဆုံးဖြစ်ကြလေသည်။

### အသည်းကောင်းသော ကိုသိန်းဖေ

တစ်လကျော်ခန့်ရှိ၍ ကျွန်ုပ် အဖျားပြတ်သဖြင့် ရန်ကုန်သို့ ပြန်ဆင်းကြရန် အစီအစဉ်ပြုလုပ်ကြ၏။ ကိုသိန်းဖေ၏ တူမများဖြစ်ကြသော ဆရာမနှစ်ယောက်တို့လည်း ကျွန်ုပ်တို့နှင့်အတူ ရန်ကုန်သို့ ပြန်ကြရန် ဆုံးဖြတ်ကြ၏။ ဤတွင် ကိုသိန်းဖေမှာ ဦးခေါင်းအကြီးအကျယ်ကိုက်သောဝေဒနာ ပေါ်လာခဲ့လေပြီ။ ကိုက်လိုက်သည့်ခေါင်းမှာ ကွဲတော့မည်ထင်ရသည်ဆို၏။ နာကျင်သောဝေဒနာကို ကြိတ်၍ခံတတ်ခြင်း၌ ကိုသိန်းဖေမှာ ကျွန်ုပ်ထက် အသည်းကောင်းခြင်းကို ကျွန်ုပ်သိ၏။ တစ်ခါက အသည်း၌ ပြည်တည်သည်ဆို၍ ရန်ကုန်သို့ဆင်းလာပြီး ဆရာဝန်များက နံရိုးနှစ်ချောင်းအကြားမှ အသည်းထဲသို့ ပြွတ်နှင့်ထိုးသွင်း၍ ပြည်များကိုစုပ်ယူရာ ကိုသိန်းဖေသည် ရမ်တစ်ခွက်သောက်ပြီး မရှုံ့ဘဲကြိတ်၍ခံခြင်းကို ကျွန်ုပ် ကြုံဖူးသည်။ ထိုမျှလောက် အသည်းကောင်းသောလူတစ်ယောက်သည် ခေါင်းကိုက်၍ ညည်းရှာခြင်းကို တွေ့ရသောအခါ အလွန်အမင်းပြင်းထန်သောဝေဒနာဖြစ်ရမည်ဟု ကျွန်ုပ် သနားမိသည်။ သူ၏ကိုးကွယ်ရာကား အက်စ်ပရင်သာရှိတော့၏။ ပထမ၌ အက်စ်ပရင်တစ်ခွက်သောက်လျှင် နာရီဝက်ခန့် သက်သာရ၏။ ထို့နောက် မိနစ် ၂၀၊ ၁၅ မိနစ်၊ ၁၀ မိနစ် စသည်ဖြင့်လျော့၍လာလေရာ နောက်ဆုံးတွင် ငါးမိနစ်တစ်ကြိမ် သောက်ရလေတော့သည်။ ဤတွင် ဆရာမနှင့် ကျွန်ုပ်က အက်စ်ပရင်သောက်လွန်းလျှင် နှလုံးကို ထိခိုက်တတ်သည်ဟု ကြားဖူးကြောင်း ပြောပြလေရာ ကိုသိန်းဖေက "မတတ်နိုင်ဘူးဗျာ၊ နှလုံးရပ်ပြီး မြန်မြန်သေသွားလည်း ဝဋ်ကျွတ်တာပဲ" ဟုဆိုကာ သောက်မြဲတိုင်းသောက်လေတော့သည်။ ဤသို့ဖြင့် တစ်လခန့်ကြာပါသော်လည်း ပျောက်လည်း မပျောက်။ သူ မျှော်လင့်သည့်အတိုင်း သေလည်း မသေဘဲ ခံနေရလေတော့သည်။

ဆက်လက်ဖော်ပြပါမည်။

---

## အိမ်မဲမြို့နယ်၌ မျိုးစေ့ချကိရိယာ(Drum Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပ

အိမ်မဲ ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၄) ဦးပိုင်အမှတ် (၂)ရှိ တောင်သူဦးအောင်မောင်း၏ လယ်မြေသုံးဧက၌ မျိုးစေ့ချကိရိယာ(Drum Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇွန်လ ၂၄ ရက်တွင် ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်သွင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများဆောင်ရွက်သော မျိုးစေ့ချကိရိယာ(Drum Seeder) ဖြင့် မိုးစပါးဆာဖိုးသာစပါးမျိုးစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

မျိုးစေ့ချကိရိယာ (Drum Seeder)ကို အသုံးပြု၍ စိုက်ပျိုးခြင်းကြောင့် မျိုးစေ့နှုန်းထားသက်သာခြင်း၊ လုပ်သားသက်သာခြင်း၊ ပေါင်းရှင်းရလွယ်ကူခြင်း၊ သွင်းအားစုထည့်သွင်းရာတွင် လွယ်ကူခြင်းနှင့် အထွက်နှုန်းပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိစေကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

⇨ ကျောဖုံးမှအဆက်

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်ရှိ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် တိုက်အမှတ် ၃၃၈၄ နှင့် အပြာရောင်အဆင့် သတ်မှတ်ထားသည့် တိုက်အမှတ် ၃၃၈၃ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းက ငလျင်ကြောင့်ပျက်စီးခဲ့မှုများအား အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှထုတ်ပြန်ထားသည့် SOP များနှင့်အညီ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ်ပြန်လည်ဆယ်တင်ပြင်ဆင်အသုံးပြုနိုင်သည့်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဆောင်ရွက်သွားရန်၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများပြီးစီးပါက အခန်းတွင်း၊ အခန်းအပြင်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေးများဆောင်ရွက်ပေးရန်၊ ရေလိုင်း၊ မီးလိုင်းများနှင့် အခြားလိုအပ်သည်များကို စနစ်တကျစစ်ဆေးပြီး စီမံဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအားမှာကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ ပြည်ထောင်စုဝန်ကြီးအိမ်ရာများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိအဆောက်အဦ A အဆောင်နှင့် B အဆောင်နေရာများတွင် ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးအသစ် ပြန်လည်တည်ဆောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုမိန့်ဖြင့် EOI ခေါ်ယူခဲ့မှု လာရောက်လျှောက်ထားကြသည့် ကုမ္ပဏီများ၏ တင်ပြလာသည့် ဒီဇိုင်းများအပေါ် နည်းပညာအဆိုပြုချက်များနှင့် အခြားလိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာများကို စိစစ်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး

**စာမျက်နှာ ၆ သို့** ⇨



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်ရှိ လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် တိုက်အမှတ် ၃၃၈၄ အားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ အဆောက်အဦ A အဆောင်နှင့် B အဆောင်နေရာများတွင် ပြိုကျပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ရေလှောင်တမံသည် ရေဆင်း ဧရိယာဧကေ ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀၊ မြေသားတမံ အမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိ . . .**

⇨ **စာမျက်နှာ ၅ မှအဆက်**

လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင် တည်ရှိသည့် ဥတ္တရသီရိရေလှောင်တမံသို့ရောက်ရှိကြရာ မန္တလေးလျှင်ကြီးနှင့် နောက်ဆက်တွဲလျှင်ငယ်များကြောင့် ရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုအခြေအနေနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ အဆိုပါရေလှောင်တမံသည် ရေဆင်း ဧရိယာဧကေ ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀၊ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈ -၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တာဝန်ရှိသူများက မန္တလေးလျှင်ကြီးနှင့် နောက်ဆက်တွဲလျှင်ငယ်များကြောင့် ဥတ္တရသီရိရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုအခြေအနေနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန်လ ၁၈ ရက်မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် (28th St. Petersburg International Economic Forum – SPIEF–2025) သို့ တက်ရောက်ခဲ့သည်။



စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ်ဆောင်ရွက်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုနှစ်ကျင်းပသည့် ဆောင်ပုဒ်မှာ "ဗဟုဝင်ရိုးကမ္ဘာကြီးထွားရေး အခြေခံတည်ဆောက်ဖို့ ပူးပေါင်းမျှဝေကြပါစို့" (Shared Values: The Foundation of Growth in a Multipolar World) ဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံများ၏အချုပ်အခြာအာဏာ၊ အပြန်အလှန်လေးစားမှု၊ လူ့အဖွဲ့အစည်း၏ စံတန်ဖိုးများနှင့်အညီ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှု၊ တန်းတူညီမျှမှုကိုအခြေခံ၍ ဖိုရမ်ကိုကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံသမ္မတ၏အကြံပေး ရုရှား ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်းတွေ့ဆုံ၍ ရုရှား – မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ် တိုးချဲ့ဖော်ဆောင်ရေးစားပွဲဝိုင်းဆွေးနွေးပွဲသို့ ရုရှားနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အကြံပေး Mr. Igor Levitin အပါအဝင် နိုင်ငံတကာမှဝန်ကြီးများ၊ ကျွမ်းကျင်သူများနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ရုရှားနိုင်ငံ၏ မြော်တွေးချက်သည် လက်ရှိကမ္ဘာ့ရေးရာအခြေအနေများနှင့် ညီညွတ်မှုရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ဒေသတွင်းဆိပ်ကမ်းများသို့

**စာမျက်နှာ ၇ သို့** ❐

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်ထွန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမျိုးသန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခ ဒေါက်တာခင်မာမြင့်ကို ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❐ စာမျက်နှာ ၆ မှအဆက်

ရေယာဉ်လွှဲပြောင်းပို့ဆောင်ခြင်း (Transshipment) ဖြင့် ရုရှားကုန်စည်များကို ဆက်လက်သယ်ယူပို့ဆောင်နိုင်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများသို့ မော်တော်ကား၊ မီးရထားများဖြင့်လည်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်သွယ်မှုတိုးချဲ့ရန်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ် တိုးချဲ့ဖော်ဆောင်မှုသည် ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မီနည်းပညာနှင့် ဆန်းသစ်သောထောက်ပံ့ပို့ဆောင်ရေးစနစ်များ လိုအပ်သဖြင့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းများ၊ ရထားပို့ဆောင်ရေးလုပ်ငန်းများအပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးသည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် ဆက်လက်တွေ့ဆုံ၍ ရုရှားနိုင်ငံ၏ကုန်သွယ်ရေးလမ်းကြောင်းသစ်တိုးချဲ့ရေး၊ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြားအလားအလာရှိသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr.Shatriov Sergey Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ExpoForum Convention and Exhibition Center ၌ ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maksim Reshetnikov တို့ လက်မှတ်ရေးထိုးသည့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ အဆိုပါသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ပြီး အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်နိုင်မည်ဖြစ်ကာ ဥပဒေအရလည်း အကာအကွယ်ပေးသွားနိုင်မည်ဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား - အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ ပါဝင်တက်ရောက်သည်။ အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားကာ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသမ္မတ H.E. Mr.Prabowo Subianto၊ တောင်အာဖရိကနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Paul Mashatile၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang၊ ဘာရိန်းစစ်ဦးစီးချုပ် H.E. Mr.Nasser Bin Hamad Al Khalifa တို့က ပါဝင်ဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဇွန်လ ၁၈ ရက် နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အာဆီယံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့အကြားစီးပွားရေးဆိုင်ရာ ဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှ စီးပွားရေးကော်မရှင်တို့အကြား ကျင်းပသည့် ဒုတိယအကြိမ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ဒေသ (Republic of Tataistan) ကာဇန်မြို့ရှိ Alabuga Special Economic Zone မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေး၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာလုပ်သားများကို ခေါ်ယူရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဇွန်လ ၁၉ ရက်ကလည်း အဖွဲ့ဝင်အဖြစ်ပါရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ရုရှားနိုင်ငံမှ ရုပ်သံမီဒီယာများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ်ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအလှအပများ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာဒေသအစားအစာများနှင့် ရုရှားခရီးသွားများအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုနှစ်ကျင်းပသည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၄၄ နိုင်ငံမှ အကြီးအကဲများ၊ အစိုးရအရာထမ်းများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်း ၃၈၀ မှ ဆွေးနွေးပြောကြားသူ ၁၀၀၀ ကျော်အပါအဝင် စုစုပေါင်း ၂၁၈၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဖိုရမ်ကာလအတွင်း စီးပွားရေးစာချုပ်ပေါင်း ၁၀၇၃ ခု ချုပ်ဆိုခဲ့ကြကြောင်းနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

မြဝတီ

## TTTC (ဘယ်လင်း)တွင် အိန္ဒိယ Quick Impact Project ဖြင့် Tar-Free and Dry Type Gasifier သုတေသနနှင့် EV နည်းပညာရှင်များမွေးထုတ်ဆောင်ရွက်



နေပြည်တော် ဇွန် ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန်လ ၂၂ ရက် မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)သို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီးက လက်ရှိဖွင့်လှစ်လျက်ရှိသော ဆရာများ၏စွမ်းရည်မြှင့်တင်ရေးသင်တန်းများ၊ EV သင်တန်းများ၊ သုတေသနစီမံကိန်းများ၊ မန္တလေးလျှင်ကြီးဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် EV အလုပ်ရုံသို့သွားရောက်၍ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၃/၂၀၂၅) သင်တန်းသားများ၏ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး ယာဉ်၏အဓိကအစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများ လေ့ကျင့်နေမှုများကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုအင်ဂျင်နီယာဌာနအလုပ်ရုံသို့သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် Quick Impact Project အထောက်အပံ့ဖြင့်ဆောင်ရွက်သော Tar-Free and Dry Type Gasifier သုတေသနလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စပါးခွံလောင်စာနှင့် စွန့်ပစ်ပလတ်စတစ်လောင်စာများမှ လျှပ်စစ်ဓာတ်အားထုတ်ယူသောစနစ်များ အသုံးပြုဆောင်ရွက်ရန်ရှိရာ စပါးခွံများနှင့် ပလတ်စတစ်များစွန့်ပစ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးနေသည့် ဆန်စက်များနှင့် MSMEs များတွင်ပါ ၎င်းစနစ်ကို အကျိုးရှိရှိအသုံးချနိုင်ရေး လိုအပ်သည့် ဒီဇိုင်းတွက်ချက်မှုများကို ဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ နည်းပညာများကို ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များက အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နည်းပညာလွှဲပြောင်းမှုများ စနစ်တကျဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။

မြဝတီ

# ရောဂါဟူသမျှ၏အစ အစာမကြေခြင်းက

**"ဒေါသကြီးသူ၊ စိတ်တိုသူ၊ စိတ်မြန်သူတို့သည် အစာအိမ်ရောဂါဖြစ်ပွားရန် အလွန်နီးစပ်သူများဖြစ်သည်။ အစာကို မြန်မြန်စားသူ၊ ကြေညက်အောင်မစားသူ၊ အလုပ်တစ်ဖက်ဖြင့်အစာစားသူ၊ အေးစက်သောအစာ၊ အချိန်လွန်၍ နောက်ကျသောအစာ၊ အရည်သောက်မပါဘဲ စားရသောအစာတို့သည် အစာမကြေရောဂါဖြစ်စေသည့်အစာများဖြစ်သည်။ မကြေညက်သောအစာများသည် အစာအိမ်ကိုပင်ပန်းစေပြီး အူသိမ်၊ အူမတို့မှလည်း အာဟာရကို မစုပ်ယူနိုင်ပေ။ အစာမကြေလျှင် ဝမ်းချုပ်သည်။ ဝမ်းချုပ်ခြင်း၏နောက်ဆက်တွဲရောဂါများမှာ အကြောတင်းခြင်း၊ ဇက်ကြောတက်ခြင်း၊ ထိုင်းမှိုင်းလေးလံခြင်းတို့ဖြစ်သည်. . ."**

"ရောဂါမူလံ အာစိဏ္ဏကံ"

စာရေးသူသည် ၁၉၈၀ ပြည့်နှစ်က မန္တလေးမြို့ရှိ တိုင်းရင်းဆေးသိပ္ပံတွင် ပညာဆည်းပူးခဲ့စဉ် ရောဂါရောက်ကြောင်းပညာရပ်တွင် အထက်ဖော်ပြပါ ပါဠိစာသားလေးကို သင်ကြားခဲ့ရသည်။ ဆိုလိုရင်းမှာ ရောဂါဟူသမျှ အစာမကြေခြင်းမှစသည်ဟု ဆိုလိုသည်။

ပြီးခဲ့သောလပိုင်းက စာရေးသူ၏ ငယ်သူငယ်ချင်း ကျောင်းဆရာမတစ်ဦး သားအိမ်ကင်ဆာရောဂါဖြင့် ဆုံးပါးသွားသည်။ ထူးဆန်းသည်မှာ သူသည် လွန်ခဲ့သောတစ်နှစ်ခန့်မှစပြီး အစာမကြေ၊ လေအန်သည်။ အစာစားလျှင် များများစားမရ၊ ရင်ဘတ်ထဲမှတောင့်တင်းပြီး နေမကောင်းဟု စာရေးသူထံ ဖုန်းဆက်ပြောသည်။ စာရေးသူ၏ဆေးခန်းမှ အစာကြေဆေးတစ်မျိုးမျိုးလိုချင်သည်ဟုပြောသဖြင့် ဝမ်းမီးတောက်အစာကြေဆေးနှင့်လေအန်လျှင်သောက်ရန် အစာအိမ်လေနိမ်ဆေးနှစ်မျိုးကို ကျောင်းသူလေးတစ်ဦးမှတစ်ဆင့် ပေးခိုင်းလိုက်သည်။

ဆေးပေးပြီးနောက် တစ်လခန့်အကြာတွင် သူ့ထံမှ ဖုန်းလာပြန်ပါသည်။ ဆေးသောက်ပြီး သက်သာသွားသလိုဖြစ်သော်လည်း ယခုပြန်ဖြစ်လာသဖြင့် အထူးကုဆရာဝန်ကြီးတစ်ဦးနှင့် ပြနေကြောင်း၊ ဆေးစစ်၊ ဓာတ်မှန်ရိုက်၊ Ultrasound နှင့်လည်း စစ်ဆေးကြောင်း၊ ရောဂါမှာ အစာအိမ်ရောင်နေခြင်းနှင့် သည်းခြေတွင် ကျောက်တည်နေခြင်းကို တွေ့ရသဖြင့် ခွဲစိတ်ကုသရမလိုဖြစ်နေကြောင်း ပြောပါသည်။

သူ့အစားအသောက်၊ အနေအထိုင်ကို မေးကြည့်သောအခါ ကျောင်းသို့ ထမင်းကို ဘူးဖြင့်ထည့်လာပြီး ဟင်းပါမလာ၊ ထမင်းစားချိန်ကျမှ ကျောင်းရှေ့တွင် ရောင်းချသော ငါးအူချောင်း၊ ဝက်အူချောင်းနှင့် ဆော့စ် ခေါ် အချဉ်ရည်၊ ငရုတ်ရည်တို့နှင့် စားလေ့ရှိပြီး တစ်ခါတစ်ရံ ဗယာကြော်၊ ပဲကြော် စသည့် အကြော်စုံဝယ်စားလေ့ရှိကြောင်းပြောသည်။ သူသည် လက်ဖက်သုပ်ကိုလည်း ပဲကြော်၊ နှစ်ပြန်ကြော်တို့ဖြင့်စားရသည်ကို ကြိုက်နှစ်သက်၍ တစ်ခါတစ်ရံ လက်ဖက်သုပ်နှင့်ထမင်းစားလေ့ရှိကြောင်း ပြောသည်။

အမှန်တော့ အစားအသောက်မမှန်၊ ယမ်းစိမ်းပါသော ငါးအူချောင်း၊ ဝက်အူချောင်းများက သူ့အစာအိမ်ကို ရောင်ရမ်းစေခဲ့ခြင်းဖြစ်ပုံရသည်။ ထို့ပြင် ထိုဆိုင်များမှပေးသော ဆော့စ်ခေါ် အချဉ်ရည်များတွင်လည်း အနီရောင်ဆိုးဆေးမကင်းပါ။ လက်ဖက်နှင့် မြန်မာလူမျိုးများ မကင်းကြပါ။ ရှေးမြန်မာလူမျိုးများ စားခဲ့သောအစာဖြစ်ပါသည်။ သို့သော် လက်ဖက်ကို အချိုမှုန့်ခေါ် ဟင်းချိုမှုန့် သို့မဟုတ် အချဉ်ခဲများဖြင့် ပြုပြင်ထားလျှင် မကောင်းပါ။ မကြာခဏစွဲမြဲစွာစားလျှင် ရောဂါရနိုင်သည်။

ထို့အတူ နှစ်ပြန်ကြော်အစားများသူများမှာ ဆီကြောင့် မကောင်းသောဘေးဥပဒ်ရသည့်အပြင် သည်းခြေကျောက်တည်ရောဂါဖြစ်နိုင်ကြောင်း ဆေးပညာရှင်များက သတိပေးတားမြစ်ထားကြသည်။ သုံးပြီးသားဆီဖြင့် ပြန်ကြော်သောအစာများသည် ကင်ဆာရောဂါဖြစ်နိုင်သည်ဟုလည်းပြောကြသည်။ လူများတွင်ဖြစ်လေ့ရှိသော ဆီးကျောက်တည်ခြင်းနှင့် ကျောက်ကပ်ကျောက်တည်ခြင်းမှာ ရေတွင်ထုံးဓာတ်များ၍ဖြစ်သော်လည်း သည်းခြေအိတ်ကျောက်တည်ခြင်းမှာ ဆီကြော်၊ နှစ်ပြန်ကြော်များကြောင့်သာ ဖြစ်လေ့ရှိသည်။

စာရေးသူ၏ သူငယ်ချင်းဆရာမမှာ ဆေးရုံတက်ပြီး သည်းခြေတွင်ကျောက်တည်ခြင်းကို ခွဲစိတ်ကုသလိုက်သည်။ ထို့နောက် ဆေးရုံမှဆင်းလာပြီး မကြာမီ ဆေးရုံပြန်တက်ရသည်ဟု ကြားသိရသည်။ သူ့အစာအိမ်မှ အောင့်ပြန်သဖြင့် ဆေးရုံတက်ရသည်ဟု စာရေးသူက ထင်မိသဖြင့် သတင်းသွားမေးသောအခါ စာရေးသူထင်သလိုမဟုတ်ပါ။ သူ့ဝမ်းဗိုက်အောက်ပိုင်းတစ်လျှောက် ကိုက်ခဲကာ ဆီးသွားလျှင်နာကျင်ပြီး ခက်ခဲစွာသွားရသဖြင့် ဆေးရုံတက်ရသည်ဟု သိရပါသည်။

ဆေးရုံ၌စစ်ဆေးသောအခါ သူ၏ သားအိမ်တွင် ကင်ဆာဟုယူဆရသော အလုံးတွေ့နေသည်ဟုပြောသည်။ ထိုကင်ဆာမှာလည်း အတော်ပျံ့နှံ့နေပြီဟု ယူဆနိုင်သလို တခြားဖြစ်နိုင်ခြေတစ်ခုမှာ အစာအိမ်ကင်ဆာမှတစ်ဆင့် ဆီးအိမ်နှင့် သားအိမ်သို့ပျံ့နှံ့လာမှ သိရခြင်းလည်း ဖြစ်နိုင်ကြောင်း ပြောပါသည်။

သူငယ်ချင်းဆရာမသည် ဆေးရုံဆင်းလိုက်၊ တက်လိုက်နှင့် သုံးလကျော် ခံစားသွားရပါသည်။ ကင်ဆာဆေးများဒဏ်ကို ခံစားရင်း ဆုံးပါးသွားရသော်လည်း သေသည်အထိ သူ့ကိုယ်သူ ကင်ဆာရောဂါရနေသည်ကို သိမသွားရှာပါ။ မိသားစုက အစာအိမ်ရောင်သည်၊ သားအိမ်တွင် အလုံးတွေ့၍ ဆေးသွင်းရမည် စသည်ဖြင့် လှီးလွှဲပြောထားကြသည်။

စာရေးသူ၏စိတ်ထဲတွင် လွန်ခဲ့သော တစ်နှစ်ကျော်က ဖုန်းဆက်ပြီး သူ့တွင် အစာမကြေဖြစ်နေကြောင်းပြောခဲ့သည်ကိုပင် အမှတ်တရဖြစ်နေမိပါသည်။ အစာမကြေခြင်းက အစလား၊ သည်းခြေကျောက်က အစလား၊ သားအိမ်ကင်ဆာအထိ မည်ကဲ့သို့ဖြစ်သွားရသနည်း။ တွေးထင်ချက်မျိုးစုံဖြင့် တဝဲလည်လည်ဖြစ်လျက်ရှိပါတော့သည်။ အစာမကြေရောဂါသည် အဖြစ်အများဆုံးရောဂါဖြစ်ပြီး လူတိုင်း တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကြိမ်မဟုတ်တစ်ကြိမ် ဖြစ်ပွားကြမည်ဖြစ်သည်။ သို့မဟုတ် ဖြစ်ဖူးခဲ့ကြမည်ဖြစ်သည်။ အစာမကြေရောဂါသည် အစာအိမ်ရောဂါများထဲတွင် အစဦးရောဂါ ဖြစ်လေသည်။ မြို့ကြီးပြကြီးတွင်နေထိုင်ကြသူများသည် ကျေးလက်တောရွာတွင် နေထိုင်သူများထက် အစာအိမ်ရောဂါ ပို၍ဖြစ်ပွားလေ့ရှိသည်။ လူဦးရေထူထပ်ခြင်း၊ စိတ်လှုပ်ရှားမှု၊ စိတ်ပူပန်မှု သောကများခြင်း၊ ဝမ်းနည်းဝမ်းသာ၊ ပူဆွေးသောကများခြင်း၊ အလိုကြီး၍ လောဘများခြင်း၊ ရတာမလို၍ လိုတာမရခြင်း စသည်တို့သည် အစာအိမ်ရောဂါ၏အခြေခံစေ့ဆော်မှုအကြောင်းရင်းများပင်ဖြစ်သည်။

စိတ်လှုပ်ရှားမှုဖြစ်သည့်အခါတိုင်းတွင် အစာအိမ်တွင် အစာခြေရည်များထွက်လာလေ့ရှိသည်။ ထိုအစာခြေရည်များသည် ခြေရန်အစာမရှိသောအခါ အစာအိမ်နံရံကို ပြန်လည်လောင်ကျွမ်းလေသည်။ အကြိမ်များသောအခါ အစာအိမ်အနာဖြစ်လာလေသည်။ အစာအိမ်အနာသည် အချိန်ကြာမြင့်စွာ ကုသရပြီး ပူ၊ စပ်၊ ချဉ်သောအစာများ၊ မာကျောသောအစာများ၊ အကြော်အလှော်များ စသည်ဖြင့် ရှောင်ရသောအစာများသဖြင့် ပိန်ချုံး၍ အားနည်းလာလေသည်။ အားနည်းသောသူတွင် ပြင်ပမှရောဂါအမျိုးမျိုး ဝင်ရောက်ကပ်ငြိရန် လွယ်ကူလေသည်။ သာမန်ဥတုအပြောင်းအလဲကြောင့်ဖြစ်သော ပူ၊ အိုက်၊ ချမ်းအေးဒဏ်များကိုလည်း အားနည်း၍ ခံနိုင်ရည်မရှိဖြစ်လာလေသည်။

ဒေါသကြီးသူ၊ စိတ်တိုသူ၊ စိတ်မြန်သူတို့သည် အစာအိမ်ရောဂါဖြစ်ပွားရန် အလွန်နီးစပ်သူများဖြစ်သည်။ အစာကို မြန်မြန်စားသူ၊ ကြေညက်အောင်မစားသူ၊ အလုပ်တစ်ဖက်ဖြင့်အစာစားသူ၊ အေးစက်သောအစာ၊ အချိန်လွန်၍ နောက်ကျသောအစာ၊ အရည်သောက်မပါဘဲ စားရသောအစာတို့သည် အစာမကြေရောဂါဖြစ်စေသည့်အစာများဖြစ်သည်။ မကြေညက်သောအစာများသည် အစာအိမ်ကိုပင်ပန်းစေပြီး အူသိမ်၊ အူမတို့မှလည်း အာဟာရကို မစုပ်ယူနိုင်ပေ။ အစာမကြေလျှင် ဝမ်းချုပ်သည်။ ဝမ်းချုပ်ခြင်း၏ နောက်ဆက်တွဲရောဂါများမှာ အကြောတင်းခြင်း၊ ဇက်ကြောတက်ခြင်း၊ ထိုင်းမှိုင်းလေးလံခြင်းတို့ဖြစ်သည်။

လူတချို့တွင် ဖြစ်ပွားလေ့ရှိသော ခေါင်းကိုက်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါနှင့် မျက်ရိုးကိုက်ရောဂါများသည် မစာမကြေခြင်းကြောင့် ဖြစ်သည်ကများသည်။ ထို့ကြောင့်ပင် ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲဟု ဆိုစကားရှိခဲ့ခြင်းဖြစ်သည်။ ခေါင်းကိုက်ပျောက်ဆေးများကို သောက်ကြသောအခါ အစာအိမ်ကိုလောင်ကျွမ်းသဖြင့် အစာအိမ်ရောင်ခြင်း၊ အစာအိမ်မှသွေးယိုစိမ့်ခြင်း၊ အစာအိမ်ပေါက်ခြင်းအထိ ဖြစ်တတ်သဖြင့် ဆေးအတွက်ဘေးမဖြစ်စေရန်နှင့် အစာဟောင်းများအောက်သို့ကျစေရန် နေ့စဉ်မှန်မှန် လမ်းလျှောက်ပေးခြင်းဖြင့် ကုစားလျှင် ပျောက်ကင်းနိုင်သော သဘာဝကုထုံးများရှိသည်။

တိုင်းရင်းဆေးပညာတွင် ခန္ဓာကိုယ်သို့ ရောဂါရောက်ကြောင်းပညာရပ်ကို သင်ကြားရသည့်အခါ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးရှိသည်။ ထိုအကြောင်းတရားတို့တွင် လေးခုမြောက်ဖြစ်သည့် အာဟာရဟူသော အကြောင်းတရားသည် စားသင့်သည့်အစာ၊ မစားသင့်သည့်အစာ၊ စားရမည့်အတိုင်းအတာ၊ စားသင့်သည့်အချိန်အခါ၊ မစားသင့်သည့်အချိန်အခါတို့ပေါ်မူတည်၍ စားတိုင်းအာဟာရမဖြစ်သောသဘောတရားကို ညွှန်ပြနေသည်။

အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံလာသော အာယုဗ္ဗေဒဆေးပညာတွင် လေ၊ သည်းခြေ၊ သလိပ်အကြောင်းတရားများနှင့် အစာစားခြင်းကို ဆက်စပ်သောအခါ–

**နံနက် သလိပ်**

သလိပ်ဆိုသည်မှာ ပါးစပ်မှထွေးပစ်သည့်သလိပ်ကို မဆိုလိုပါ။ ခန္ဓာကိုယ်အတွင်းရှိ ဆူဖြိုးဝဖြိုးစေသော အေးသည့်ဓာတ်သဘောကို ဆိုလိုခြင်းဖြစ်သည်။ နံနက်စာစားသောအခါ အထူးသဖြင့် အရုဏ်တက်နံနက်စောစောကို ဆိုလိုခြင်းဖြစ်သည်။ သံဃာတော်များ အရုဏ်ဆွမ်းစားချိန်နှင့်ကိုက်ညီသည်။ နံနက်စာစားသူသည် အာဟာရဖြစ်ပြီး ဝဖြိုးသည်ဟု ဆိုလိုသည်။ ထို့ကြောင့် ပိန်ချင်သူများသည် နံနက်စောစောအစာကို ရှောင်ရမည်ဖြစ်သည်။ ပိန်ချင်၍ ညစာမစားဘဲနေသည်ဆိုသည်မှာ သဘာဝမကျပါ။ ပိန်လည်းပိန်မည် မဟုတ်ပါ။ ပိန်ချင်လျှင် နံနက်အိပ်ရာထအစာကို ထမင်းမစားနှင့်၊ အဝမစားနှင့်။ စွပ်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ ကော်ဖီ၊ မုန့်တို့ကဲ့သို့ အစာခံပဲ စားရန်သင့်သည်။

**နေ့လယ် သည်းခြေ**

နေ့လယ်သည်းခြေဆိုသည်မှာ နေ့လယ်စာစားသောသူများသည် အစာကြေစေခြင်း၊ လှုပ်ရှားမှုမြန်ဆန်စေခြင်း၊ ခန္ဓာကိုယ်မှ အရောင်အဆင်းထွက်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ တွေးခေါ်ဉာဏ်ကောင်းခြင်း၊ စိတ်ဓာတ်တက်ကြွခြင်း၊ ပင်ပန်းမှုဒဏ်ခံနိုင်ခြင်း စသည့်အကျိုးတရားများကိုရသည်ဟု ဆိုလိုသည်။

**ညနေ လေ**

ညနေစာစားသောသူများသည် စားလိုက်သည့်အစာကြောင့် အာဟာရမဖြစ်ဘဲ လေဖြစ်သွားသည်။ ခန္ဓာကိုယ်တွင် လေလွန်ကဲလျှင် အစားပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ ယားယံခြင်း၊ ဂနာမငြိမ်စိတ်ပျံ့လွင့်ခြင်း စသောရောဂါများ ဖြစ်ပွားတတ်သည်။

**ည အပုပ်**

နံနက်စာ၊ နေ့လယ်စာများသည် အကျိုးပြုသောအစာများဖြစ်ပြီး ညနေစာ၊ ညစာများသည် အကျိုးမပြုသောအစာများဖြစ်သည်။ ညဥ့်နက်မှစားသောအစာကို အပုပ်စာဟုခေါ်သည်။ အပုပ်ဓာတ်သည် အသားအရေညစ်နွမ်းခြင်း၊ မွဲခြောက်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ခြေသည်း၊ လက်သည်းများကွဲခြင်း၊ ငိုက်မျဉ်းခြင်း၊ ခန္ဓာကိုယ်မှ မကောင်းသောအနံ့အသက်များ ထွက်ခြင်း စသည်တို့ ဖြစ်ပွားစေသည်။ အောင်မြင်မှုတစ်ခုခုကြုံသောအခါနှင့် မင်္ဂလာပွဲများတွင် ညစာစားပွဲများ ပြုလုပ်လေ့ရှိကြသည်။ ညစာစားပွဲများတွင် ညဥ့်နက်မှစားသောအစာများသည် လူကို အကျိုးမပြုဘဲ အကျိုးယုတ်စေသောအစာများဖြစ်သည်။

တချို့မှာ ညဘက်တွင် အစာစားကြသည်။ ညစာများကို မခြေနိုင်သည့် အစာအိမ်မှ ရောဂါစဖြစ်လေသည်။ အပုပ်ဓာတ်ကြောင့် ဆံပင်ဖြူခြင်း၊ သွားဖုံးကြွပြီး သွားများကျိုးလွယ်ခြင်း၊ အသားအရေညစ်မွဲခြင်းများဖြစ်လာသော်လည်း သတိမမူမိကြပေ။ နှစ်ချီကြာပြီး ရောဂါမျိုးစုံဝင်လာမှ သိကြသောအခါ နောက်ကျနေလေပြီ။

နိဂုံးချုပ်တင်ပြလိုသည်မှာ အစာကို ဆာမှစားပါ။ သင့်တင့်သောအစာကိုသာစားပါ။ သန့်ရှင်းသောအစာ၊ သဘာဝအစာများကိုသာစားပါ။ ဓာတုဗေဒနည်းဖြင့် ပြုပြင်ထားသောအစာများကို ရှောင်ပါ။ နံနက်စောစောစားသောအစာနှင့် နေ့လယ်စားသောအစာများသည် အစာအိမ်တွင် ကြေကျက်ပြီး လူကိုအကျိုးပြုသည်။ ညနေစာစားလျှင် လေကိုဖြစ်စေသည်။ ညစာ(ညဥ့် နက်စာ)စားလျှင် လူကိုအကျိုးမပြု၊ အပုပ်ဓာတ်ကိုဖြစ်စေသည်။

ရောဂါမူလံ အာစိဏ္ဏကံ ရောဂါဟူသမျှ အစာမကြေခြင်းက စသည်ဟူသောစကားကို အမြဲဆင်ခြင်နိုင်ကြပါစေ။

ကြည်လွင်မြင့်(မုဒြာ)

## ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း လှူဒါန်းခြင်းတို့ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့်လျောင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

## မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲကျင်းပ



ပဲခူး ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲအခမ်းအနားကို ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးက အမျိုးသမီးများအတွက် အရေးပါသော အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ အမျိုးသမီးများနှင့် ပညာရေး၊ အမျိုးသမီးများနှင့် အကြမ်းဖက်ခံရခြင်းအကြောင်းစာတမ်းများကို အဖွဲ့ဝင်များက ဖတ်ကြားပေးမည်ဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ကြီးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်စုမွန်က "အမျိုးသမီးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း"စာတမ်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်ဒေါ်မြင့်မြင့်သန်းက "မြန်မာအမျိုးသမီးများနှင့် ပညာရေးအကြောင်း" စာတမ်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က "အမျိုးသမီးများနှင့်အကြမ်းဖက်ခံရခြင်းအကြောင်း" စာတမ်းကိုလည်းကောင်း အသီးသီးတင်သွင်းဖတ်ကြားကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်စိုးစိုးသက်က စာတမ်းတင်သွင်းဖတ်ကြားပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့်သရုပ်ပြသခြင်းဆောင်ရွက်



အုတ်တွင်း ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့်သရုပ်ပြသခြင်းကို ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် အုတ်တွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မဈေးကြီးတို့၌ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းသီရိကျော်က စွန့်ပစ်ပစ္စည်းများ၏ ညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဖြင့် ညစ်ညမ်းမှုအန္တရာယ်ကိုလျော့ကျစေနိုင်ပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေး၊ သန့်ရှင်းသော ပတ်ဝန်းကျင်ရရှိစေရေးအတွက် အမှိုက်များကိုအမျိုးအစားခွဲ၍ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းကို အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမှုများပြုလုပ်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

(၄၁၀)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၇။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၈။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနှာဝင် |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်းကြိုး အပိုင်း(၂) သရုပ်ဆောင်- ရန်အောင်၊ နက္ခတ်၊ မေသန်းနု၊ ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)** |

## လူညွှန့်လည်းတုံး ဘဝဆုံး ချေမှုန်းတိုက်ပစ် ဆေးမူးယစ်

❖ အပြည်ပြည်ဆိုင်ရာ၊ ဤကမ္ဘာ၌
ညီညာဖွင့်လှစ်၊ ကျင်းပဖြစ်၏
မူးယစ်ဆေးဝါး၊ အလွဲသုံးမှားမှု
တရားမဝင်၊ ရောင်းစီစဉ်ခြင်း
မောင်းနှင်မနေး၊ တိုက်ဖျက်ရေးနေ့
ပျံ့မွှေးဂုဏ်သိန်၊ (၃၈)ကြိမ်မြောက်
ချိန်ခါရောက်ပြီ တိုက်ဖျက်သည်။

❖ ကိုလိုနီစနစ်၊ ဆိုးမွေဖြစ်ခဲ့
ယုတ်ညစ်ရှုပ်ထွေး၊ မူးယစ်ဆေးတည့်
မီးမွှေးမျက်မှောက်၊ ဒုက္ခရောက်ဆဲ။

❖ မူးယစ်ဆေးမှ၊ ငွေကြေးရလျက်
ရိုင်းပြသဲပက်၊ အကြမ်းဖက်တို့
လက်နက်လူသူ၊ ခြေကုပ်ယူကြ။

❖ လောဘအလွန်ယုတ်၊ နောက်မဆုတ်ဘဲ
ထုတ်လုပ်များပြား၊ ထိုဆေးဝါးလျှင်
ထင်ရှားနှိမ်နင်း၊ တိုင် သတင်းနှင့်
ကွင်းဆက်ထုတ်ဖော်၊ တပ်မတော်ရဲ
ယှဉ်သော်တွဲဖက်၊ ဖမ်းဆီးလျက်တည့်။

❖ ငရဲပန်းကို၊ နတ်ပန်းထင်ဘိ
ပန်ဆင်မိ၍၊ တမြည့်မြည့်လောင်
တရွှေ့ရွှေ့ကျွမ်း၊ ငရဲခန်း၌
ညစ်နွမ်းဖုံးအုပ်၊ နိဂုံးချုပ်ရ။

❖ တိုက်ဖျက်မှန်လျက်၊ သတ်မှတ်သက်ရောက်
ဇွန်ရက်(၂၆)၊ ထိရောက်မျက်မြင်
ပီပြင်ခမ်းနား၊ ညှော်သည်များရှိ
ဆေးဝါးမူးယစ်၊ ဖျက်ဆီးပစ်မြဲ။

❖ အမျိုးသားရေး၊ သတိပေးမှန်
မူးယစ်ဆေးရန်ရှင်း၊ ရှောင်ဖယ်ကင်းစေ
သေမင်းတမန်၊ ဘုံရန်သူမို့
ပြည်သူအားလုံး တိုက်ဖျက်စို့။

❖ ဩော်... လူညွှန့်လည်းတုံး၊ ဘဝဆုံးမည်
အရှုံးကြွေးကျန်၊ မူးယစ်ရန်မို့
အန္တရာယ်များ၊ ကာကွယ်သွားစို့။
နိုးကြားထာဝရ၊ ချေမှုန်းကြပါစို့။ ။

**မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)**

# ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များ၊ ပြည်သူလူထုကို အသိပေးရမည့်အကြောင်းအရာများကို အသိပေးနိုင်ရန်ဆောင်ရွက်ကြရမည်




နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ တွေ့ဆုံဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ပူးပေါင်းပြီး ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလ ကာလသုံးပိုင်းလုံး၌ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များ၊ ပြည်သူလူထုကိုအသိပေးရမည့်အကြောင်းအရာများကို အသိပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မည်သည့်ပါတီကိုမှ ဘက်မလိုက်ဘဲ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ရသည့် ရွေးကောက်ပွဲဖြစ်အောင် မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာများမှတစ်ဆင့် ကော်မရှင်၏ဆောင်ရွက်ချက်များကို မှန်မှန်ကန်ကန်သိရှိနိုင်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက မြန်မာ သတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်နှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်လိုသည့်အချက်များကို ဆွေးနွေးကြသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လမ်းညွှန်စာအုပ်ပါ ပြင်ဆင်ရန်လိုအပ်မည့်အချက်များ၊ သတင်းမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ စနစ်တကျသိမ်းဆည်း၍ သက်ဆိုင်ရာစာစစ်ဌာနသို့ စနစ်တကျကြပ်မတ်ပို့ဆောင်



မန္တလေး ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးမှ အဖြေလွှာများကို စနစ်တကျသိမ်းဆည်း၍ သက်ဆိုင်ရာစာစစ်ဌာနသို့ ပို့ဆောင်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးမှ အဖြေလွှာများကို သက်ဆိုင်ရာစာစစ်ဌာနသို့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် ပို့ဆောင်မှုအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်အမရပူရမြို့နယ်၌ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်မင်းကြီးမြတ်စွာဘုရားဆင်းတုတော်ကြီး၊ ဘုရားပရဝဏ်အတွင်းရှိဆင်းတုတော်များနှင့် သာသနိကအဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့်ဘိလပ်မြေအိတ်၅၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ လှူဒါန်းပေးအပ်သည်။

ထို့နောက် တောင်လေးလုံးကျောင်းတိုက်သို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အားဖူးမြော်၍ ဩဝါဒများခံယူကာ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်သမန် မယ်ဇယ်လွင်ပြင်ရှိ ဈေးဆိုင်ခန်းများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် တောင်သမန်အင်းဝန်းကျင်နေရာများသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးဝန်းကျင်နှင့် ကန်ပတ်လမ်းနေရာများသို့လည်းကောင်း သွားရောက်၍ အစဉ်အမြဲသန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၄

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ဇိုမီးအမျိုးသားပါတီ (Zomi National Party) နှင့် ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party) နှင့် ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ** တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ဦးဘရှိန် ခေါင်းဆောင်သည့် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ပါတီ ၁၄ ပါတီကိုမှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

## (၂၄-၆-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ပြည်တွင်း၊ ပြည်ပ အကူအညီအထောက်အပံ့များပေါင်းစပ်ပြီး မိမိတို့လူမှုအသိုက်အဝန်း၏ ပေါင်းစည်းအင်အားဖြင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်အောင်မြင်စွာ တုံ့ပြန်ကျော်လွှားနိုင်ရမည်

နေပြည်တော်  ဇွန် ၂၄

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိမိတို့ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကိုအခြေခံပြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရန် လှုံ့ဆော်စည်းရုံးလှုပ်ရှားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုအဆင့်အလိုက်လုပ်ရမည့်လုပ်ငန်းများတွင် ပြည်ထောင်စုအဆင့်က ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အာဏာပိုင်အဖွဲ့အစည်းများကဦးဆောင်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပါဝင်ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စများ၊ နိုင်ငံတကာအဖွဲ့အစည်း၊ ပြည်တွင်းလူမှုပရဟိတအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ ပါဝင်မည်ဖြစ်ကြောင်း။



နိုင်ငံတကာအသိုက်အဝန်းကလည်း စာနာထောက်ထားမှုများပြသပြီး ဝိုင်းဝန်းကူညီရန် စိတ်အားထက်သန်မှုများ ပြသလာနေကြပြီဖြစ်ကြောင်း၊ ယင်းအကူအညီများနှင့် အခြားပြည်တွင်း၊ ပြည်ပအကူအညီအထောက်အပံ့များပေါင်းစပ်ပြီး မိမိတို့လူမှုအသိုက်အဝန်း၏ ပေါင်းစည်းအင်အားဖြင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်အောင်မြင်စွာ တုံ့ပြန်ကျော်လွှားနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်အဆင့်အလိုက်ပြည်သူလူထုအင်အားကို ရယူသွားမည့်လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရင်ဆိုင်ရေးကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံချက်များရေးဆွဲ၍ စုဖွဲ့ပြင်ဆင်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သဘာဝဘေးသင့်ဒေသများသို့ အလှူငွေများ ဖြန့်ခွဲထောက်ပံ့ပေးနေမှု၊ လုပ်ငန်းတာဝန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

အစည်းအဝေးသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။


မြဝတီ

# မြန်မာနိုင်ငံရှိ အလားအလာရှိပြီး အာမခံချက်ကောင်းမွန်သည့် ကမ်းလွန်လုပ်ကွက်များတွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

နေပြည်တော်  ဇွန် ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရေနံ့သာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ အလားအလာရှိပြီး အာမခံချက်ကောင်းမွန်သည့် ကမ်းလွန်လုပ်ကွက်များတွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံနှင့် မြန်မာ-ယူအေအီး စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့်မြန်မာ-ယူအေအီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးသဘောတူစာချုပ်များကို နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်ရေးအတွက် ချုပ်ဆိုရေး၊ မြန်မာ-ယူအေအီးနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်ဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍအပြင် အခြားစီးပွားရေးကိစ္စများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် နပန်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန်  ဇွန် ၂၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံနပန်းအားကစားအဖွဲ့ချုပ်မှ နပန်းအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းရှိ နပန်းအားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ရေးဦးစွာ တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် နပန်းအားကစားပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက်ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး နပန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

နပန်းအားကစားပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်၊ မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး နပန်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးအာကာလွင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ဝန်းရံ

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော်  ဇွန် ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shambhala Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nammi အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် PMPG_EV Myanmar Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID4 Crozz Pure အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# အဆိုးကျော့ သံသရာ

ကိုကိုချွန်(မော်လမြိုင်)




**မူးယစ်ဆေးဝါးပြဿနာ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံတွင် ကြုံတွေ့ခံစားနေရသောမူးယစ်ဆေးဝါးပြဿနာကိုလေ့လာကြည့်လျှင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ နိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခြင်း၊ ကြားခံနိုင်ငံအဖြစ် အသုံးချခံနေရခြင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်မှုမြင့်မားလာခြင်းနှင့်အတူ မူးယစ်ဆေးဝါးချက်လုပ်သူများ၏နယ်စပ်များမှ တရားမဝင်ဝင်ရောက်လာခြင်းတို့ကို ကြုံတွေ့ရသည်။

နိုင်ငံတော်၏လက်ရှိကြုံတွေ့နေသော အခြေအနေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ မူးယစ်ဆေးဝါးပြဿနာတွင် နက်ရှိုင်းစွာပါဝင်နေမှုကလည်း ပြဿနာဖြေရှင်းရာ၌ အဆိုးသံသရာကို ရှည်စေလျက်ရှိသည်။ မြန်မာနိုင်ငံကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာတွင် အရင်းခံအချက်များစွာရှိသည့်အနက် သိသာထင်ရှားသောပြဿနာမှာ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းနေခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ၏ပါဝင်ပတ်သက်မှုမြင့်မားနေခြင်းပင်ဖြစ်သည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းရခြင်း၏အဓိကပြဿနာမှာ လက်နက်ကိုင်အဖွဲ့များ အမြင်ကျဉ်းမြောင်းခြင်းနှင့် ကိုယ်ကျိုးစီးပွားရလိုမှုများခြင်း၊ မတော်လောဘနှင့် ကိုယ်ချင်းစာတရားနည်းပါးခြင်း၊ နယ်မြေဒေသဖွံ့ဖြိုးမှုကို အမှန်တကယ်လိုလားမှုမရှိခြင်း၊ ရိုးသားသော ဒေသခံတိုင်းရင်းသားများအပေါ်ခေါင်းပုံဖြတ် အမြတ်ထုတ်လိုခြင်းနှင့် အမြော်အမြင်နည်းပါးစွာဖြင့် အကြမ်းဖက်လိုခြင်း စသည့်အကြောင်းများပေါ် အခြေခံနေသည်။ ထိုလိုလားချက်များသည်ပင် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် လက်နက်ကိုင်အဖွဲ့များက နက်ရှိုင်းစွာပါဝင်ပတ်သက်မှုရှိနေသည်ကို ဖမ်းဆီးရမိမှုများမှ သက်သေခံနေလျက်ရှိသည်။ ထို့အတူ လက်နက်ကိုင်အဖွဲ့အတွင်း ကိုယ်တိုင်မူးယစ်ဆေးဝါးသုံးစွဲမှုများကလည်း တစ်နေ့ထက်တစ်နေ့ မြင့်မားလာလျက်ရှိသည်။

**နိုင်ငံတော်အပေါ် ခြိမ်းခြောက်လာမှုများ**

နိုင်ငံတစ်နိုင်ငံအတွင်း လူငယ်နှင့်လူလတ်ပိုင်းများ မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက်လာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အဓိကခြိမ်းခြောက်မှုဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲရာမှ နိုင်ငံအတွင်း ပညာရည်မြင့်မားသောလူဦးရေနည်းပါးလာခြင်းနှင့်အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူလတ်ပိုင်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေခြင်းကြောင့် စွမ်းရည်မြင့်မားသောကုန်ထုတ်လုပ်သူစွမ်းအားစုများ လျော့နည်းလာစေခြင်းတို့ဖြစ်ပေါ်လာသည်။ အနာဂတ်တွင် ပညာရည်မြင့်မားပြီး အရည်အချင်းရှိသောလူ့စွမ်းအားအရင်းအမြစ်များနည်းပါးလာခြင်းကပင် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံသားတို့၏ကံကြမ္မာကို အဆုံးစွန်ထိဆွဲချသွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့၏မိသားစုအတွင်း ဦးစွာကြုံတွေ့ရမည့်ပြဿနာမှာ စီးပွားရေးပြဿနာဖြစ်သည်။ ပညာရည်နည်းပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေမှုနှင့် မိသားစုစီးပွားရေးအဆင်မပြေသူများအဖို့ မူးယစ်ဆေးဝါးသုံးစွဲလာမှုသည် မိသားစုအတွင်း ကြီးစွာသောစီးပွားရေးပြဿနာကိုပေါ်ပေါက်စေသည်။ မူးယစ်ဆေးစွဲသူအဆင့်သို့ ကျရောက်သွားပါက မူးယစ်ဆေးဝါးဝယ်ယူသုံးစွဲနိုင်ရန်အတွက် လိုအပ်သောငွေများရရှိရန်အတွက် မသမာသောနည်းလမ်းများဖြင့် ရှာဖွေရာမှ မှုခင်းများကျူးလွန်လာခြင်းနှင့် နောက်ဆက်တွဲလူမှုရေးပြဿနာများ ကြီးထွားလာခဲ့သည်။ ထို့အတူ မူးယစ်ဆေးဝါးသုံးစွဲရာမှဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာပြဿနာများက မိသားစုတစ်ခုလုံး၏လူမှုစီးပွားဘဝကို အနိမ့်ဆုံးအခြေအနေသို့ကျရောက်သွားစေလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးတက်လာလျက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အမှုပေါင်း ၆၅၃၉ မှုမှ တရားခံ ၈၈၅၃ ဦးအား တန်ဖိုးငွေကျပ် ၁၀၅၇ ဘီလီယံကျော်အားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦးအား တန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆ ဘီလီယံကျော်အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမလေးလပတ်အတွင်း အမှုပေါင်း ၁၈၂၅ မှုမှ တရားခံ ၂၅၃၅ ဦးအား တန်ဖိုးငွေကျပ် ၃၅၆ ဘီလီယံကျော်တန်ဖိုးရှိသော မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုများတိုးမြင့်လာခြင်းသည် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုနှင့်သုံးစွဲမှုများ နိုင်ငံအတွင်းမြင့်မားလာသည်ကို ဖော်ညွှန်းနေလျက်ရှိသည်။

**မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများ**

နိုင်ငံအတွင်း အချို့ဒေသများတွင် တရားဥပဒေစိုးမိုးမှုအားနည်းနေခြင်းနှင့်လုံခြုံမှုမရှိခြင်းက မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သည့် ဒုစရိုက်သမားများအတွက် အခွင့်အလမ်းကောင်းများကိုဖြစ်ပေါ်စေလျက်ရှိသည်။ ဤနေရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများအားလေ့လာဆန်းစစ်ရန်လိုအပ်သည်။ ယခင်က ဘိန်းစိုက်ပျိုးရာဒေသများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး အုပ်ချုပ်မှုအလှမ်းကွာဝေးသည့် တောင်ပေါ်ဒေသများ၌ဖြစ်ပြီး ရှမ်းပြည်နယ်သည် အဓိကဘိန်းစိုက်ပျိုးရာဒေသတစ်ခုဖြစ်သည်။ အုပ်ချုပ်မှုအလှမ်းကွာဝေးသော တောင်ပေါ်ဒေသများသည် မြန်မာနိုင်ငံ၏ပကတိအခြေအနေအရ လက်နက်ကိုင်အဖွဲ့များ ခိုအောင်းရာ၊ လွှမ်းမိုးရာဒေသများဖြစ်သည်။

ပြောင်းလဲလာသောအခြေအနေများအရ ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှုအပြင် လူလုပ်မူးယစ်ဆေးဝါးပြဿနာသည်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကျယ်ပြန့်လာခဲ့သည်။ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများမှာ ယခင်ဘိန်းနှင့်ဘိန်းဖြူစိုက်ပျိုးထုတ်လုပ်သည့်နယ်မြေများထက် ပိုမိုကျယ်ဝန်းလာပြီး ထိုနယ်မြေများသည်လည်း အုပ်ချုပ်မှုအလှမ်းကွာဝေးသော လက်နက်ကိုင်များကြီးစိုးရာနယ်မြေများဖြစ်သည်။ လူလုပ်မူးယစ်ဆေးဝါးများထုတ်လုပ်ရာတွင် ဓာတုပစ္စည်းများဖြင့်သာချက်လုပ်ရသည်ဖြစ်ရာ လိုအပ်သည့်ဓာတုပစ္စည်းများကို တရားမဝင်မှောင်ခိုတင်သွင်းရာ၌ ပိုမိုလွယ်ကူသည့်နယ်စပ်ဒေသ နယ်မြေများ၌ပါ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်လာသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာနယ်မြေများ ပိုမိုကျယ်ပြန့်လာသည်ကိုတွေ့ရသည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများသည် အခြားသောမည်သည့်စီးပွားရေးထက်မဆို အမြတ်အစွန်းများစွာရရှိသည်ဖြစ်ရာ လက်နက်ကိုင်သောင်းကျန်းသူများ၊ ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများအတွက် ကျင်လည်ကျက်စားရာနေရာများဖြစ်လာသည်။ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုကလည်း ပြဿနာ၏အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်လာစေသည်။ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့်ဝါဒရေးရာပဋိပက္ခများက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါးဈေးကွက်ပြောင်းလဲမှုကို ဖြစ်ပေါ်လာစေသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု(ဈေးကွက်)များ မြင့်တက်လာလျက်ရှိသည်။

**လက်နက်ကိုင်အဖွဲ့များပါဝင်ပတ်သက်မှု**

နိုင်ငံအတွင်းတည်ရှိနေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များပေါ်ပေါက်မှုကို လေ့လာကြည့်လျှင် လူမျိုးစွဲ၊ ဒေသစွဲနှင့်ဘာသာရေးကို အခြေခံပြီး အင်အားအနည်းငယ်ဖြင့်စတင်ပေါ်ပေါက်ခဲ့သော်လည်း လက်ရှိတွင် လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက်အဖွဲ့များ၏အင်အားများကြီးထွားလာသည်ကိုတွေ့ရသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများ ရေရှည်ရပ်တည်နိုင်ရေး အဓိကလိုအပ်ချက်မှာ လူအင်အားစုဆောင်းခြင်း၊ လိုအပ်သောစားရေရိက္ခာနှင့်လက်နက်ခဲယမ်းများ၊ စစ်ဘက်အသုံးအဆောင်များဝယ်ယူတပ်ဆင်ရန်ဖြစ်သည်။ ထိုအချက်များကို ဖြည့်ဆည်းနိုင်ရန်လိုအပ်သော ဝင်ငွေရလမ်းများမှာ တရားမဝင်စီးပွားရေးလုပ်ငန်းများကို နယ်မြေအတွင်း ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများတရားမဝင် ထုတ်လုပ်ခြင်း၊ စီးပွားရေးလမ်းကြောင်းများတွင် အခွန်ကောက်ခံခြင်း(ဆက်ကြေးကောက်ခြင်း)များသာဖြစ်ပြီး အဓိကဝင်ငွေရလမ်းမှာ အမြတ်အစွန်းများစွာရရှိသည့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်းပင်ဖြစ်သည်။

လက်နက်ကိုင်သောင်းကျန်းသူများ ကြီးစိုးထားရာနယ်မြေများတွင် အစိုးရ၏အုပ်ချုပ်ရေးယန္တရားနည်းပါးနေမှုကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရသည့် တပ်/တပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအပေါ်ကြီးစွာသော အခက်အခဲကိုဖြစ်ပေါ်စေသည်။ ဝင်ငွေရလမ်းလွယ်ကူမှုနှင့် နယ်မြေလုံခြုံမှုအားနည်းခြင်းကြောင့် တားဆီးနှိမ်နင်းရေးတပ်/တပ်ဖွဲ့များမရောက်ရှိနိုင်ခြင်းက မူးယစ်ဆေးဝါးချက်လုပ်သယ်ဆောင်မှုများ လွတ်လပ်စွာဆောင်ရွက်နိုင်သည့်အခြေအနေကို ဖန်တီးပေးရာရောက်စေသည်။ ထိုအချက်များကြောင့်ပင် လက်နက်ကိုင်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် မူးယစ်ဆေးဝါးချက်လုပ်မှုကို အမြောက်အမြားဆောင်ရွက်နေကြခြင်းဖြစ်သည်။

နိုင်ငံရေး၊ လူမျိုးရေး၊ ဝါဒရေးရာအရ မည်သို့ပင်ပြောဆိုနေခဲ့သော်လည်း နောက်ပိုင်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုက လက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးချက်လုပ်မှုအပေါ် ခွင့်ပြုပေးမှု၊ လက်နက်ကိုင်အဖွဲ့များက မူးယစ်ဆေးဝါးချက်လုပ်မှုကို အကာအကွယ်ပေးမှု၊ သယ်ဆောင်ရောင်းဝယ်မှုများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုများသည် အမြစ်တွယ်လာခဲ့ပြီဖြစ်သည်။ မူးယစ်ဆေးဝါးချက်လုပ်ရန်အတွက် လိုအပ်သောဓာတုပစ္စည်းများနှင့်ပစ္စည်းကိရိယာများ တရားမဝင်ဝင်ရောက်မှုကိုအခကြေးငွေရယူပြီး ဆောင်ရွက်ပေးနေသကဲ့သို့ မူးယစ်ဆေးဝါးချက်လုပ်သူများအား ဝင်ရောက်ခွင့်ပေးခြင်း၊ အခကြေးငွေရယူပြီး နယ်မြေအတွင်း ချက်လုပ်ခွင့်ပေးခြင်းနှင့်သယ်ဆောင်ရောင်းဝယ်မှုပြုခြင်းကလည်း တစ်ဆက်စပ်တည်းပေါ်ပေါက်လာခဲ့သည်။

**အဆိုးကျော့ သံသရာ(၁)**

အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် ပညာသင်ကြားနိုင်သည့်အခွင့်အလမ်းနည်းပါးနေပြီး ကျန်းမာရေးနှင့်စီးပွားရေးအခွင့်အလမ်းများလည်း ဆုံးရှုံးနေရလျက်ရှိသည်။ ပညာရည်နည်းပါးခြင်း၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ နည်းပါးနေခြင်းက ဒေသအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကိုဖြစ်ပေါ်စေသည်။ ဒေသခံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်ပေးသူ သားကောင်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ခိုင်းစေမည့်သူ/ခိုင်းစေခံရသူနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် အသုံးချနိုင်မည့် သားကောင်များ များပြားလာမည်ဖြစ်သည်။ အချို့သောမူးယစ်သားကောင်များမှာ ကိုယ်တိုင်သုံးစွဲခြင်းမှ လက်လီရောင်းချသူများ၊ သယ်ဆောင်သူများအဖြစ်ပါဝင်နေသည်ကို တွေ့ရသည်။

စာမျက်နှာ ၁၃ သို့ ⊃

⊃ စာမျက်နှာ ၁၂ မှအဆက်

မူးယစ်ဆေးဝါးပြစ်မှုကြောင့် ဖမ်းဆီးခံရသူများထဲတွင် ပညာရည်နည်းပါးသူ၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးအဆင်မပြေသူနှင့် မူးယစ်ဆေးဝါးကိုယ်တိုင်သုံးစွဲသူအများစုဖြစ်နေသည်ကို စစ်ကြောချက်များအရတွေ့ရှိရသည်။ ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွတ်မြောက်လာသူ အများစုမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်သယ်ဆောင်ရောင်းဝယ်သူများအဖြစ် ပြန်လည်အသုံးချခံနေရသည်ကိုတွေ့ရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြစ်ဒဏ်ကျခံရခြင်း၊ ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာသော်လည်း မူးယစ်ဆေးဝါး၏သားကောင်အဖြစ်သို့ ပြန်လည်ကျရောက်သွားပြီး သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများမှပြစ်ဒဏ်ထပ်မံကျခံရခြင်းဖြင့် အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိသည်။





**အဆိုးကျော့သံသရာ (၂)**

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ စတင်ဖွဲ့စည်းစဉ်က အင်အားအနည်းငယ်ဖြင့်သာ စတင်ခဲ့သော်လည်း လက်ရှိတွင်အင်အားများစွာ ကြီးထွားလာလျက်ရှိသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ လက်ရှိကာလဆောင်ရွက်နေမှုများကို ကြည့်လျှင် အင်အားချဲ့ထွင်ခြင်း၊ လက်နက်တပ်ဆင်ခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ တပ်/လုံခြုံရေးစခန်းများ၊ အစိုးရရုံးဌာနများကို တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာနေသော လမ်း/တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ သာသနာ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ သာသနိကအဆောက်အအုံများအား ဖျက်ဆီးခြင်း၊ ဝန်ထမ်းများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အငြိမ်းစားဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အုပ်ချုပ်ရေးယန္တရား၏ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအဆင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စိုးမိုးထားရာနယ်မြေများအတွင်း အမည်အမျိုးမျိုးတပ်ကာ အခွန်(ဆက်ကြေး) ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိနေသည်။ အဆိုးရွားဆုံးဖြစ်စဉ်များမှာ ပြည်သူများ၏အသိပညာနှင့်အနာဂတ်ကို လမ်းပြပေးနေသော ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား ဖျက်ဆီးခြင်းနှင့် ပညာသင်ကြားနေသော လူငယ်လူရွယ်များအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများပင်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း သာမန်ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝကိုအကြောက်တရားလွှမ်းမိုးနေစေရန်အတွက် ခရီးသွားပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးမြင့်မားစွာကောက်ခံခြင်း၊ ဒေသအတွင်းနေထိုင်သော မိသားစုဝင်များအား အတင်းအကျပ်လူသစ်စုဆောင်းခြင်း၊ ဥပဒေမဲ့ဖမ်းဆီး/အပြစ်ပေးခြင်းများ ကြုံတွေ့နေရပြီး လူငယ်များ ပညာသင်ကြားခွင့်နှင့် ပြည်သူများစားဝတ်နေရေးအတွက် စီးပွားရေးအခွင့်အလမ်းများနည်းပါးစေရန်လုပ်ဆောင်နေလျက်ရှိသည်။ ပညာတတ်သူနည်းပါးခြင်း၊ မိသားစုစီးပွားရေးအဆင်မပြေခြင်းများဖြစ်ပွားလာရာမှ အနာဂတ်ပျောက်ဆုံးကာ မှုခင်း/ပြစ်မှုကျူးလွန်သူများပြားလာစေပြီး နောက်ဆုံးတွင် မူးယစ်ဆေးဝါးသားကောင်များ ပိုမိုများပြားလာစေရန်ဖြစ်သည်။

ပြည်သူလူထုအတွင်း ပညာမတတ်သူများပြားလာစေရန်နှင့် စီးပွားရေးအရ ချွတ်ခြုံကျစေရန် လုပ်ဆောင်ခြင်းအားဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် အင်အားစုဆောင်းမှု ပိုမိုလွယ်ကူစေခြင်း၊ မှုခင်းနှင့်ပြစ်မှုများထူပြောလာခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာခြင်း၊ တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များအား အကြောက်တရားများဖုံးလွှမ်းနေစေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုကိုဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ဖိအားပေးခြင်းများကိုဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွင်း အကြောက်တရားတိုးပွားလာခြင်းနှင့်အခြားနယ်မြေများတွင် ပြစ်မှုနှင့်ဒုစရိုက်မှုများစွာကို ဖြစ်ပေါ်စေခြင်းမှနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေလျက်ရှိသည်။

နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေခြင်းက အုပ်ချုပ်ရေးယန္တရားကို အားနည်းစေပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှောင့်ယှက်ခံရခြင်းက မူးယစ်ဆေးဝါးချက်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတိုးမြှင့်ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည်။ မူးယစ်ဆေးဝါးချက်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ရာမှရရှိလာသော အကျိုးအမြတ်များဖြင့် နယ်မြေဒေသအတွင်း အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်သောင်းကျန်းမှုများကို တိုးမြှင့်လုပ်ကိုင်လာပြီး နယ်မြေဒေသလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုများကို ပျက်ပြားစေလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို တိုးမြှင့်ဖြစ်ပေါ်စေခြင်းဖြင့် မူးယစ်ဆေးဝါးအဆိုးကျော့သံသရာကိုရှည်လျားစေလျက်ရှိသည်။




**အဆိုးကျော့သံသရာ (၃)**

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများသည် အခြားစီးပွားရေးလုပ်ငန်းများထက် အကျိုးအမြတ်များစွာရရှိစေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်ရာနယ်မြေများသို့ ပြည်တွင်းဝိသမလောဘသမားများနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများဝင်ရောက်မှုမှာလည်း မြင့်မားလာစေလျက်ရှိသည်။ လက်နက်ကိုင်သောင်းကျန်းသူ နယ်မြေများတွင် ထုတ်လုပ်သောမူးယစ်ဆေးဝါးများအား ဝယ်ယူရာတွင် လက်နက်ကိုင်အဖွဲ့များမှ ကိုယ်တိုင်ပါဝင်ခြင်း၊ ပို့ဆောင်ပေးခြင်း၊ လက်နက်ကိုင်လုံခြုံရေးအစောင့်များဖြင့် လိုက်ပါပို့ဆောင်ပေးခြင်းနှင့်နယ်မြေဖြတ်ကျော်သယ်ဆောင်ရောင်းဝယ်မှုများအတွက် အခကြေးငွေရယူပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးကုန်သွယ်ရာ၌ လမ်းခရီးတစ်လျှောက် မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ရာတွင် စီးပွားရေးအရ အဆင်မပြေသူများကို မက်လုံးပေးခြင်း၊ ရိုးသားစွာလုပ်ကိုင်နေသူများကို လိမ်လည်အသုံးချပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိစစ်ကြောချက်များအရ သိရှိရသည်။ မူးယစ်ဆေးဝါးဖမ်းဆီးခံရပါက နောက်ကွယ်မှကြိုးကိုင်သူ အဓိကတရားခံများသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများဖြစ်သော အကြမ်းဖက်သောင်းကျန်းသူများ၏နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ကာ ပုန်းခိုနေထိုင်ခြင်းဖြင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၏ဖမ်းဆီးမှုများမှ လွတ်မြောက်နေလျက်ရှိသည်။


ဖမ်းဆီးခံရပြီးနောက် မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ပေးသူများ ပြောင်းလဲသွားသော်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသည့်အဓိကတရားခံများမှာ ယခင်ထွက်ပြေးတိမ်းရှောင်နေသူ လူနည်းစုဖြစ်သည်ကိုတွေ့ရသည်။ နောက်ကွယ်မှအဓိကကြိုးကိုင်သည့် တရားခံများမှာအကြမ်းဖက်သောင်းကျန်းသူများ၏နယ်မြေအတွင်း ပုန်းခိုနေထိုင်ရင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို အခြားသူများဖြင့် ထပ်မံလုပ်ဆောင်လျက်ရှိသည်။ ဖမ်းဆီးခံရမှုများထပ်မံဖြစ်ပေါ်လာပါက မူလပုန်းခိုရာအကြမ်းဖက်သောင်းကျန်းသူနယ်မြေများအတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေမှုများက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိသည်။

**အဆိုးကျော့သံသရာ (၄)**

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးစတင်သုံးစွဲခြင်းတွင် အပေါင်းအသင်းများ၏ တိုက်တွန်းမှုကို ရှောင်ရှားနိုင်မှုမရှိခြင်းက စတင်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခဏတာပျော်ရွှင်မှုကို ဖြစ်ပေါ်စေပြီး မူးယစ်ဆေးဝါး၏ အာနိသင်ပျက်ပြယ်သွားသည်နှင့် ခဏတာပျော်ရွှင်မှုများမှာ ပျောက်ဆုံးသွားမည်ဖြစ်သည်။ ခဏတာပျော်ရွှင်စေရခြင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဦးနှောက်အတွင်း ပျော်ရွှင်မှုကိုဖြစ်ပေါ်စေသည့် Dopamine ဟော်မုန်းများကို အဆမတန်ထုတ်လုပ်ပေးခြင်းကြောင့်ဖြစ်သည်။ မူးယစ်ဆေးအာနိသင် ပျက်ပြယ်သွားချိန်တွင် ဟော်မုန်းထုတ်လုပ်ပေးမှုများ သာမန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားသော်လည်း ယခင်ပျော်ရွှင်စွာနေနိုင်သည့်အခြေအနေများတွင် ပျော်ရွှင်နိုင်ခြင်းမရှိတော့ဘဲ မူးယစ်ဆေးဝါးသုံးစွဲမှုမှဖြစ်ပေါ်လာသည့် ပျော်ရွှင်မှုအခြေအနေမျိုးရောက်ရှိပါမှသာ ပျော်ရွှင်သည်ဟုခံစားလာရစေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကြာလာသည်နှင့် ပုံမှန်ပမာဏဖြင့်သုံးစွဲရာမှဖြစ်ပေါ်လာသော ပျော်ရွှင်မှုများသည် လုံလောက်မှုမရှိတော့သဖြင့် မူးယစ်ဆေးဝါးသုံးစွဲသည့်အကြိမ်အရေအတွက်နှင့်သုံးစွဲသည့်ပမာဏများတိုးလာပြီး နောက်ဆုံးတွင် မူးယစ်ဆေးစွဲသည့်အဆင့်သို့ရောက်ရှိစေသည်။ မူးယစ်ဆေးဝါးစတင်သုံးစွဲစဉ်က မိမိကိုယ်ကိုထိန်းသိမ်းနိုင်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း စတင်သုံးစွဲမိရာမှ ထပ်မံသုံးစွဲလိုသည့်စိတ်များဖြစ်ပေါ်လာကာ သုံးစွဲမှုကိုရပ်တန့်နိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးတွင် ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိသွားစေသည်။

စာမျက်နှာ ၁၄ သို့ ⊃




**➲ စာမျက်နှာ ၁၃ မှအဆက်**

ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်းတို့သည် စတင်တတ်မြောက်သွားချိန်မှ သေဆုံးချိန်အထိ မေ့ပျောက်သွားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို ပြန်လည်ဆောင်ရွက်နိုင်သည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဦးနှောက်အတွင်း မှတ်သားထားမှုသည် မည်သည့်အခြေအနေမျိုးတွင်မဆို ပျောက်ပျက်သွားခြင်းမရှိသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဦးနှောက်အတွင်း စွဲထင်ကျန်ရစ်စေခဲ့သည်။ ထို့ကြောင့်ပင် မူးယစ်ဆေးဝါးစတင်သုံးစွဲရာမှာ မူးယစ်ဆေးစွဲခြင်း၊ မူးယစ်ဆေးစွဲမှုအားကုသခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုများ မည်မျှပင်ဆောင်ရွက်ခဲ့သော်လည်း ဆေးဖြတ်ပြီးသူအများစုသည် မူးယစ်ဆေးဝါးပြန်လည်သုံးစွဲမှုကိုဖြစ်ပေါ်စေပြီး သေဆုံးချိန်အထိ မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိသည်။

မူးယစ်ဆေးဝါးသုံးစွဲရာမှ စတင်ဖြစ်ပေါ်လာသောပြဿနာရပ်များသည် လူတစ်ဦးချင်းထံမှ စတင်ခဲ့သော်လည်း မိသားစုအတွင်း မိသားစုဝင်များ၊ လူမှုအသိုက်အဝန်းမှ ဒေသအထိ၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်ထိပါ ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ ဝိသမလောဘသမားများ၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ မီးလောင်ရာလေပင့်ဆောင်ရွက်ချက်များသည် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးကို ပျက်စီးခြင်း/ပျက်သုဉ်းခြင်းအဆင့်ထိသို့ပင် ရောက်ရှိသွားစေမည်ဖြစ်သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုအဆိုးကျော့သံသရာအား ဖြတ်တောက်သွားရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ ဝိသမလောဘသမားများကို ချေမှုန်းနိုင်ပါမှသာ ပြည်သူတစ်ရပ်လုံး ခံစားနေရသည့် အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ ။

"The evidence is clear: invest in prevention"

"Break the Cycle. # Stop  Organized Crime"

# ဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်သူမြတ်ခြောက်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာကျင်းပ

ရပ်စောက်  ဇွန်  ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ စူဠာမုနိကုသိုလ်တော်ဘုရားကြီးကျောင်း၌ ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာနမှ ချီးမြှင့်ဆက်ကပ်သောဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်သူမြတ်ခြောက်ပါးတို့အား ( ၇၆ / ၆၀ )ကြိမ်မြောက် စာပွဲတော်မှထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပူဇော်ပွဲကျင်းပရေးကော်မတီက ထပ်ဆင့်ဂုဏ်ပြု အပူဇော်ခံအရှင်သူမြတ်ခြောက်ပါးတို့၏ ထေရုပ္ပတ္တိကိုဖတ်ကြားသည်။

ဆက်လက်၍ ထပ်ဆင့်ဂုဏ်ပြုအပူဇော်ခံ အရှင်သူမြတ်ခြောက်ပါးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုပူဇော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (၄၀၅)

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာပေဟောပြော

ပဲခူး  ဇွန်  ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၂၉) ရွှေဂူကြီးတောရဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း (အလင်းစစ်ဘက်စုံလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း)၌ ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌအမျိုးသားစာပေဆုရ စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က "မူးယစ်ကင်းစင်ပြုံးပျော်ရွှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမ မေတ္တာမိုးနှင်း(ပဲခူး)က "ယနေ့လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန် လက်ကမ်းစာစောင်များဖြန့်ဝေပေးကာ သုတမေးခွန်းများဖြေဆိုစေပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အမှတ်(၂၉) ရွှေဂူကြီးတောရဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း(အလင်းစစ်ဘက်စုံလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း) ဆရာတော်ထံသို့ သုတ၊ ရသစာအုပ်များလှူဒါန်းကြကြောင်း သိရသည်။ **၄၀၁၊ တင်စိုး(ပဲခူး)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၀ Market News
၂။ ၁၁:၅၀ နှယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၁၀ ပြည်သူ့ကြားကပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၀၉၃၉၊ ၀၅၂-၂၂၀၁၀၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်-(၁)ရပ်ကွက်ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ်အဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့၌ ငလျင်အတွင်းထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် အတူပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော်ရင်ပြင်တိုးချဲ့ရန်အတွက် မြေသားခိုင်မာမှုစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ်ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ ရွှေဟင်္သာတိုက်သစ်၊ နဝလောဟာကျောင်းတိုက်နှင့် အနောက်စကြံ့ကျောင်းတိုက်တို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောသာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် လူနေအဆောက်အအုံများအား စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများနှင့် ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများပေးဝေနိုင်ရေး ဆောင်ရွက်နေမှုတို့အား ကြည့်ရှုအားပေးပြီး စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာအား အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများ၊ စစ်ကိုင်းမြို့ အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ငါးစို့တိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံအပျက်အစီးများအား တပ်မတော်သားများနှင့်စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း ဖယ်ရှားရှင်းလင်းရာတွင် ပြန်လည်တွေ့ရှိသော ရှေးဟောင်းဌာပနာပစ္စည်းများအားကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- (၁) ရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ်၊ အလည်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ နေအိမ်အဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးစနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၂၁ ဦး၊ နီပေါနိုင်ငံသား ခုနစ်ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Embassy Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

★ **ရှေ့ဖုံးမှအဆက်**

ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ဖိတ်ကြားချက်အရ ဘူရားတီးရားပြည်နယ်သို့ သွားရောက်မည်ဖြစ်ပြီး အထင်ကရနေရာများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်များတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် စစ်ဘက်၊ နယ်ဘက်မှအဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က လာရောက်တွေ့ဆုံ



နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးပိုမိုခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ မြဝတီ

# နေရာကွက်၍ မိုးကြီးနိုင်

၂၅-၆-၂၀၂၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး



နေပြည်တော် ဇွန် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား(H.E. Ms. Ma Jia) အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်းတစ်လျှောက်ရှိ မဟာဗျူဟာကျသည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် နည်းပညာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အကူအညီပေးရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်သည့် ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော ပဲခူးတပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၄

၂၀၂၅ ခုနှစ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုရရှိသော ပဲခူးတပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း (၉) သင်းဖြင့် ဇွန်လ ၁၇ ရက်နေ့မှယနေ့အထိ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊
Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# AACC အသင်း၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲ (Public Lecture)သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း တက်ရောက်




နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ထိုင်းဘုရင့်နိုင်ငံ ဘန်ကောက်မြို့တွင် Video Conferencing စနစ်ဖြင့် ပြုလုပ်သည့် အာရှဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions –AACC) ၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင် စာတမ်းဖတ်ပွဲကို "The Courts and the Protection of Human Rights" ခေါင်းစဉ်ဖြင့် ကျင်းပရာ ထိုင်းဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံနှင့်ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ အခန်းကဏ္ဍ၊ တရားရုံးများအနေဖြင့် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုများနှင့်စပ်လျဉ်း၍ စာတမ်းများဖတ်ကြားကြသည်။


မွန်းလွဲပိုင်းတွင် AACC အသင်းဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို ဆက်လက်၍ကျင်းပရာ လက်ရှိ AACC အသင်း၏ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌက ၎င်းတာဝန်ထမ်းဆောင်မှုကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြခြင်း၊ AACC အသင်း၏ အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံးများဖြစ်သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီမံကိန်းနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအတွင်းရေးမှူးချုပ်ရုံး (AACC–SPC)၊ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (AACC–SRD) နှင့် တူကီယဲသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (AACC–CTHRD)တို့က ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာများ တင်သွင်းခြင်း၊ နောင်အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးခြင်းနှင့် AACC အသင်းသို့ အီရတ်သမ္မတနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်က အဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားခြင်းကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့်စာတမ်းဖတ်ပွဲသို့ အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions – AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံနှင့်အတူ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရုရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Drug Security Forum သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

## မြန်မာနိုင်ငံ၏ အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် ရုရှားနိုင်ငံမှကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဇွန် ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၅ ခုနှစ် ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိကျင်းပသည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Drug Security Forum သို့တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာရဲမြင့်က speaker အဖြစ်တက်ရောက်၍ ဆေးဝါးများစဉ်ဆက်မပြတ် ပြည့်စုံလုံလောက်စွာ လက်လှမ်းမီရရှိနိုင်ရေးအတွက် နိုင်ငံများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံက လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့် ဆေးဝါးမှတ်ပုံတင်ရေးလုပ်ငန်းစဉ်နှင့် ရုရှားနိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးများ တင်သွင်းသည့်လုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားနိုင်ငံ Rosatom ကုမ္ပဏီမှ တာဝန်ရှိသူများအား စိန့်ပီတာစဘတ်မြို့၌ လက်ခံတွေ့ဆုံ၍ ရုရှားနိုင်ငံ၏အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုရှားနိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး မစ္စတာ မီခေးမူရက်စ်ကိုနှင့် ညီလာခံကျင်းပရာ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် မတ်လက နိုင်ငံတော်အကြီးအကဲခရီးစဉ်၌ နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများအကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) တွင်ပါရှိသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်နိုင်ငံ ဆေးဘက်ဆိုင်ရာပညာရှင်များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေးနှင့်လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးအဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ တင်သွင်းရောင်းချနိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ အဏုမြူရောင်ခြည်ဖြင့် ဆေးကုသမှုလုပ်ငန်းများနှင့် မျိုးရိုးဗီဇကင်ဆာရောဂါဆေးကုသမှုလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Geropharm ဆေးဝါးကုမ္ပဏီ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့်ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၇˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will pay an official visit to the Republic of Belarus at the invitation of President H.E. Mr. Alexander Grigoryevich Lukashenko, who is rotating chairman of EAEU

NAY PYI TAW June 24

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will pay an official visit to the Republic of Belarus in the near future to attend the fourth Eurasian Economic Forum (EEF) 2025 in Minsk, Belarus, at the invitation of the country's President H.E. Mr. Alexander Grigoryevich Lukashenko, who is the rotating chairman of EAEU.

During the visit, the Senior General will attend the fourth EEF, hold an exclusive meeting with the Belarusian President, hold talks with the Chair of the Board of Eurasian Economic Commission, and visit factories. The visit will focus on cementing strategic cooperation in multi-sectors including friendship, economy, security between the governments and peoples of the two countries and enhancing economic cooperation with members of the Eurasian Economic Union (EAEU).

Moreover, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will pay a visit to Republic of Buryatia, Russian Federation, at the invitation of Head of Buryatia H.E. Mr. Alexey Sambuevich Tsydenov and will visit iconic sites and industries.

SAC members, cabinet members, and senior military and civilian officials will also take part in the visits.

**100**



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will pay an official visit to the Republic of Belarus at the invitation of President H.E. Mr. Alexander Grigoryevich Lukashenko.

# Kanbalu Township completes harvest of green gram

KANBALU June 24

Local farmers have so far harvested all sown acreage of green gram planted last cold season in Kanbalu Township of Sagaing Region, according to the data of the Township Agriculture Department.

In Kanbalu Township, during this year's winter cropping season, green gram was cultivated on up to 22,214 acres. It is reported that the harvesting of these green gram fields began in January of this year and has now been fully completed, with 100 percent of the acreage harvested. The average yield was 16.92 baskets per acre.

The Township Head of the Department of Agriculture in Kanbalu Township, U Myo Zaw, stated: "In Kanbalu Township, green gram was cultivated on up to 22,214 acres. At present, harvesting has been completed on all the cultivated acreage. Year after year, green gram cultivation has been increasing. There are ongoing awareness campaigns on expanding cultivation and on the use of quality and pure seeds to ensure higher productivity."

In addition, the township's Department of Agriculture has provided guidance to local green gram farmers on using high-quality and pure seeds suitable for the region, proper cultivation techniques, pest and disease prevention, and systematic use of fertilizers to achieve better yields.

During this winter crop season, various kinds of beans and pulses were cultivated. To ensure good yields and quality, efforts were made in collaboration with the farmers to supply high-quality seeds, necessary inputs, and post-harvest technologies.

**SMK**

# Farmers carry out cent per cent harvest of sweet corns in Ayadaw Township

AYADAW June 24

Statistics of Monywa District Agriculture Department stated that all sown acreage of sweet corns have been harvested in Ayadaw Township of Sagaing Region.

In Ayadaw Township, during the winter crop season, sweet corn was cultivated on up to 4,244 acres. The harvesting of these sweet corn fields began in January of this year and has been completed as of today, with 100 percent of the acreage harvested. It was reported that each acre yielded 15,340 ears of corn.

"The winter crop season in Ayadaw Township saw sweet corn cultivated on a total of 4,244 acres. At present, the entire cultivated area has been fully harvested. To ensure the success of the crop, we have provided knowledge and education to prevent pest and disease outbreaks," said Daw San San Myint, Head of the Agricultural Department of Monywa District.

In Ayadaw Township, farmers growing sweet corn received training from the township agriculture department, attended field demonstration events, and were educated on preventive measures against pests like the fall armyworm. They were also instructed in integrated pest management methods, including the use of neem-based pesticides, as well as natural remedies like ginger and chili to control pests. Agricultural knowledge was shared on various cultivation techniques.

It is reported that sweet corn cultivation in Ayadaw Township yields approximately 15,000 ears of corn per acre, with an estimated cultivation cost of over Ks-500,000 per acre.

**SMK**

# Monywa District to grow more than 4,000 acres of banana this year



MONYWA June 24

Statistics of Monywa District Agriculture Department stated that local farmers will grow 4,228 acres of banana in the district of Sagaing Region this monsoon.

In 2025-2026 monsoon cultivation season, Monywa Township earmarked cultivation of 135 acres of banana, Budalin Township 2,696 acres, Ayadaw Township 1,332 acres and ChaungU Township 65 acres, totalling 4,228 acres.

Daw San San Myint, Head of Monywa District Agriculture Department stated: "Our department will help local farmers for cultivation of banana meeting the target acres. Local farmers are making preparations to start cultivation of crops this month. Now, other farmers plant banana on the dykes of farmlands. In fact, banana plantations are free from pest infection."

Local farmers plant some 1,000 plants of banana per acre. They have to cost some Ks-2 million per acre but they can earn Ks-5 million per acre in harvest season.

Monywa District Agriculture Department raises farmer awareness to minimize chemical residue at plantations, use the registered chemical pests under the prescription, and apply good agricultural practices.

**SMK**

# NyaungU Township cooperative farmers benefit from sale of 350 bags of natural fertilizers

NYAUNGU June 24

A total of 350 bags of Sanwady natural fertilizer have been distributed and sold for the cooperative farmers in NyaungU Township of Mandalay Region to fully use the inputs for their crops, said U Hlaing Moe, Deputy Director of the Cooperative Department for Mandalay Region.

In order for the farmers of the cooperative association to fully use the nutrients of the plant for the summer rice and other crop acres, 350 bags have been distributed and sold with low prices for the cultivated acres of 130 member farmers from the five cooperatives in Singu Township.

"Farmers who grow the summer crops in NyaungU Township are distributed to the use of the farmers with instant and installment payment systems. We aimed to distribute the natural fertilizer at a lower price than the outside market. Sanwady natural fertilizer is planned to be distributed so that farmers can use it regardless of the season," he explained.

**SMK**

# Large quantities of shrimp paste sent from Labutta Township to Yangon market



LABUTTA June 24

Daw Win Maw, a fish paste and dried fish trader from Labutta Township of Ayeyawady Region, stated that large quantities of shrimp paste were exported and sold to the Yangon market .

Shrimp paste from Labutta Township is mainly transported to Yangon for sale.

"We are exporting and selling local products, including shrimp paste, from Labutta Township to the Yangon market. Over the past month, we managed to sell up to 85,000 viss of shrimp paste. The demand for shrimp paste in Yangon is currently very high. Domestic market demand for shrimp paste has increased, and prices have also risen. With the improvement in sales, not only the business owners but also the workers are benefiting," said Daw Win Maw.

Seafood traders in Labutta Township purchase shrimp from local fishermen and process it into ready-to-eat shrimp paste for sale. The shrimp paste production and trade serve as a key local economic activity, creating employment opportunities for at least 15 to 25 workers per business in the region.

**SK**

# Plan underway to grow more than 12,000 acres of monsoon paddy in Myinmu Township this year

MYINMU June 24

According to Sagaing District Agriculture Department, local authorities earmarked cultivation of 12,000 acres of monsoon paddy in Myinmu Township of Sagaing Region this year.

During the 2025–2026 monsoon crop season, it is planned to cultivate 12,133 acres of monsoon paddy in Myinmu Township. The planting of this monsoon paddy is expected to take place from July to September this year.

It is learned that during this year's monsoon cropping season, the respective township agriculture departments and local farmers will work together to ensure systematic cultivation without difficulties.

Farmers growing monsoon paddy in Myinmu Township will be provided with agricultural techniques, pest and disease prevention awareness, and knowledge to help prevent crop losses. Guidance will also be given to ensure the harvested paddy is promptly and properly sheltered.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Hungary issues highest-level heat alert nationwide



BUDAPEST June 24

Hungarian health authorities have issued a Level 3 heat alert, the country's highest, for the entire territory from Tuesday through Thursday.

The alert, announced by the national chief medical officer, follows forecasts of persistently extreme temperatures that are expected to place significant physical and mental strain on the population.

This marks the first Level 3 heat alert issued in Hungary this year. Daytime temperatures during the alert period are forecast to peak between 34 and 39 degrees Celsius.

Health authorities warn that such intense heat causes the human body to lose water and essential minerals at an accelerated rate. To mitigate risks, experts advise the public to stay out of direct sunlight and avoid strenuous physical activity during the hottest hours of the day, typically between 11 a.m. and 3 p.m.

A Level 3 heat alert in Hungary is activated when the average daily temperature is forecast to reach or exceed 27 degrees Celsius for at least three consecutive days.

**Xinhua**

# Blockage of hormuz strait to cause global 'oil shock' - Yemeni Ambassador to Egypt

CAIRO June 24

The closure of the Strait of Hormuz by Iran will significantly affect oil production and cause an "oil shock" in the region, Yemeni Ambassador to Egypt Khaled Mahfouz Bahah told Sputnik in an interview.

"Twenty percent of the global oil supplies go through the strait, so its blockage would cause an oil shock, especially if it is combined with the blockage of the Bab al-Mandab Strait," Bahah said.

Yemen will be the first country to feel the effects of the closure, especially since the Ansar Allah movement, also known as the Houthis, controls a significant part of its territory and is able to block the strait as well, the ambassador said.

"Yemen is currently in a state of war and is used to it, so the closure of the straits will not affect it as much as other nations in the region. The closure of the Hormuz Strait, however, will cause a global oil shock," Bahah said.

Iranian authorities have on multiple occasions stated that they reserve the right to close the Strait of Hormuz in response to attacks by Israel. On Sunday, the Iranian parliament agreed that the strait should be closed, Esmail Kowsari, a member of the parliament's National Security and Foreign Policy Commission, said.

**Sputnik**

# 6 killed, 10 injured as van catches fire after collision in SW Pakistan



ISLAMABAD June 24

At least six people were killed and 10 others injured when a passenger van caught fire following a collision in Pakistan's southwest Balochistan province, rescue officials said Tuesday.

The accident took place on Quetta's Western Bypass, a busy route in the provincial capital, where the van collided with a rickshaw, triggering a fire that engulfed both vehicles, Muhammad Zeeshan, manager of operations at the Edhi Foundation's rescue department in Quetta, told Xinhua.

He added that the rickshaw was carrying petrol illegally, which intensified the blaze.

"The van caught fire immediately after the collision due to the petrol, leaving passengers little time to escape," Zeeshan said. "The fire spread rapidly, trapping many inside the vehicle."

Rescue teams rushed to the scene shortly after the accident. The injured were pulled from the burning van and shifted to nearby hospitals for treatment, where at least two of them were reported to be in critical condition.

Authorities launched an investigation into the accident, focusing on the illegal transportation of flammable materials in passenger vehicles, which remains a recurring hazard in the region.

**Xinhua**

# Attack on Iran damaged US credibility – China

BEIJING June 24

The US has damaged its own credibility by attacking Iran's nuclear sites, Chinese Ambassador to the UN, Fu Cong, has said, denouncing the strikes as a violation of international norms and the United Nations charter.

On Tuesday, both Iran and Israel confirmed they had agreed to a ceasefire after nearly two weeks of hostilities, after Israeli forces launched "preemptive" attacks on Iranian territory and on personnel connected to its nuclear programme, claiming Tehran was close to building an atomic weapon. The US joined the campaign over the weekend, bombing multiple Iranian nuclear facilities.

Speaking at a UN Security Council meeting on Sunday, Fu said the US attack had not only harmed Iran but also "damaged" Washington's credibility, "both as a country and as a participant in any international negotiations."

The Chinese Foreign Ministry added that the strikes violated international law. Spokesman Guo Jiakun said on Monday that attacking nuclear facilities that were under the supervision of the International Atomic Energy Agency (IAEA) constituted "a serious violation of the United Nations Charter."

Guo told reporters that Beijing was prepared to strengthen communication and coordination with all parties in order to "play a constructive role in restoring peace in the Middle East."

The Israeli-US strikes have drawn widespread condemnation. Russian President Vladimir Putin has said there is "no justification" for what he called "unprovoked aggression" against Iran. During a meeting with Iranian Foreign Minister Abbas Araghchi in Moscow on Monday, Putin described Israel's actions as "illegitimate" and in violation of international law.

Former Russian President Dmitry Medvedev has also criticized the attacks. In a post on Sunday, he said that the "vast majority of countries" opposed the Israeli-US operation and accused President Donald Trump of pushing the US into another war. Medvedev added that Trump could "forget about the Nobel Peace Prize."

**RT**

# Chairman of National Natural Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects repair works for structures damaged by Mandalay earthquake

NAY PYI TAW June 24

Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by Union Ministers, the Chairman of the Nay Pyi Taw Council, and other officials, inspected the ongoing repair works for structures damaged by the Mandalay earthquake this evening. The inspection covered government staff housing, Pyinmana No. (1) Myoma Market, and the Ottarathiri Dam.

First, the Vice-Senior General and his entourage visited the damaged Union Minister residences in Zeya Theikdhi Ward, Zabuthiri Township, to assess the progress of repairs and reconstruction. The Vice-Senior General coordinated with responsible officials to address necessary actions.

Next, the Vice-Senior General and party inspected buildings No. 3384 (marked orange) and No. 3383 (marked blue) in Nyana Theikdhi Ward, Zabuthiri Township. These buildings are being repaired by licensed contractors in accordance with the Standard Operating Procedures (SOP) issued by the Committee for Reconstruction and Reuse of Earthquake-Damaged Structures. The Vice-Senior General instructed officials to prevent loss of reusable materials during repairs, ensure thorough cleaning of interiors, exteriors, and surroundings after repairs, and systematically check and restore water and electricity lines, along with other necessities.

Following this, the Vice-Senior General, and accompanying entourage inspected the cleared debris sites of collapsed buildings in Sections A and B of Pyinmana No. (1) Myoma Market, which had been damaged by the Mandalay earthquake and subsequent aftershocks. Responsible officials reported that they had already called for Expressions of Interest (EOI) with the approval of the State Administration Council for rebuilding the new market, and were currently reviewing technical proposals on submitted designs from applicant companies along with other necessary administrative requirements. The Deputy Prime Minister inquired about details he wished to clarify, held discussions, and provided necessary guidance and instructions regarding the matters.

The Vice-Senior General and party then visited the Ottarathiri Dam in Ottarathiri Township, constructed on Kyauk Oh Creek. The dam, which supplies drinking water to the township, suffered leaks in its drainage pipes and embankment damage due to the earthquake and aftershocks. Officials reported that repair works are underway. In response to the report, the Vice-Senior General gave necessary instructions. The dam has a watershed area of 1,500 acres, stands 60 feet high, and stretches 1,120 feet in length. It is an earthen embankment-type dam built in 2008-2009, making it 17 years old. Repair works are being carried out as quickly as possible.

**100**



[redacted] Vice-Senior General Soe Win hears reports on repair works of Ottarathiri Dam in Nay Pyi Taw. [redacted]




[redacted] Vice-Senior General Soe Win inspects interior damage of a Union Minister residence. [redacted]



[redacted] Vice-Senior General Soe Win hears reports on damage to Myoma Market in Nay Pyi Taw. [redacted]

# ပလတ်စတစ်အမှိုက်မှသည် ပါရာစီတမောဆီသို့



ပါရာစီတမောဆိုတာ သာမန်နာကျင်ကိုက်ခဲမှုတွေအတွက်တော့ အဖိုးနှုန်းချိုချိုနဲ့အစွမ်းထက်တဲ့ဆေးတစ်လက်ပါ။ သူ့ကိုထုတ်လုပ်ထားတာက ဗက်တီးရီးယားပိုးတစ်မျိုးကို အသုံးပြုပြီးထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီအတွက် ရေနံစိမ်းလိုမျိုး ရုပ်ကြွင်းလောင်စာများကနေထုတ်လုပ်ထားတာပါ။ ဒီလိုထုတ်လုပ်တဲ့အတွက် စွမ်းအင်အသုံးပြုရမှုပမာဏလည်းများပြားပြီး ကာဗွန်ဓာတ်ငွေ့ကလည်း အလွန်အကျွံထွက်ရှိပါတယ်။

ပါရာစီတမောအပြင် အခြားသောဆေးဝါးများကိုထုတ်လုပ်နေတဲ့ စက်ရုံများလည်ပတ်နိုင်ဖို့အတွက် နှစ်စဉ်ရုပ်ကြွင်းလောင်စာ တန်ချိန်ထောင်ပေါင်းများစွာကို မှီခိုနေရတာပါ။ တစ်နည်းပြောရရင် ပါရာစီတမောက အကိုက်အခဲ၊ ဖျားနာပျောက်ဆေးအဖြစ်အစွမ်းထက်ပေမယ့် တစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုတွေဖြစ်ပေါ်စေတာကို တွေ့ရပါတယ်။


ဒီအခြေအနေကို ပြောင်းလဲသွားစေနိုင်ဖို့အတွက် အီဒင်ဘာ့တက္ကသိုလ်ရဲ့ဝေါလေ့ဓာတ်ခွဲခန်းက အဖိုးနှုန်းချိုသာသလို အစွမ်းထက်လှတဲ့ပါရာစီတမောကိုထုတ်လုပ်နိုင်မယ့်အပြင် တစ်ဖက်မှာလည်းကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လုံးဝကင်းစင်စေနိုင်မယ့်နည်းလမ်းတစ်ခုကို ဖော်ထုတ်တွေ့ရှိလိုက်ပါတယ်။ သူတို့ရဲ့နည်းလမ်းကို အရှင်းလင်းဆုံးဖော်ပြရရင် ပတ်ဝန်းကျင်မှာမြင်တွေ့နေကျပလတ်စတစ်အမှိုက်များကို ပါရာစီတမောအဖြစ်ပြောင်းလဲစေနိုင်မယ့်နည်းလမ်းဖြစ်ပါတယ်။

သူတို့ရဲ့နည်းလမ်းကို အနှစ်ချုပ်ပြီးပြောရမယ်ဆိုရင်တော့ မျိုးရိုးဗီဇပြန်လည်ပြုပြင်ထားတဲ့ E. coli ဆိုတဲ့ ဘေးဥပဒ်မဖြစ်စေသော ဗက်တီးရီးယားပိုးတစ်မျိုးကိုအသုံးပြုပြီး ပလတ်စတစ်ဘူးများမှာတွေ့ရလေ့ရှိတဲ့ တယ်ရပ်သားလစ်အက်စစ်ဓာတ်ပေါင်းကို ပါရာစီတမောအဖြစ်ပြောင်းလဲပေးတာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို အခန်းတွင်းအပူချိန်မှာတင် လုပ်ဆောင်နိုင်ပြီး ကာဗွန်ဓာတ်ငွေ့ထွက်ရှိမှုလည်း ကင်းစင်ပါတယ်။

သုတေသနပညာရှင်များအသုံးပြုထားတဲ့ အဓိကနည်းလမ်းက ဘီယာချက်လုပ်မှုနဲ့အလားသဏ္ဌာန်တူတဲ့ အချဉ်ဖောက်ခြင်းနည်းစနစ်ကိုအသုံးပြုပြီး ပိုလီအီသိုင်လင်းတယ်ရပ်သားလိတ်ဆိုတဲ့ ပလတ်စတစ်အမှိုက်တွေကို ၂၄ နာရီအတွင်း ပါရာစီတမောအဖြစ်ပြောင်းလဲပေးတာပါ။ ဓာတ်ခွဲခန်းရဲ့စမ်းသပ်မှုအရ ထွက်ရှိလာတဲ့ ဓာတုပစ္စည်း ၉၀ ရာခိုင်နှုန်းက ပါရာစီတမောများသာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်က အောင်မြင်မှုရှိတယ်ဆိုတာကို အတိအကျဖော်ပြနေပါတယ်။ နှစ်စဉ်တန်ချိန်သန်း ၃၅၀ ကျော်အထိ ထွက်ရှိနေတဲ့ပလတ်စတစ်အမှိုက်များကို ဒီနည်းနဲ့ အသုံးဝင်အောင်လုပ်နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ညစ်ညမ်းရေထဲမှ နိုက်ထရိတ်ကနေ အမိုးနီးယားကို ၆ စက္ကန့်တည်းနဲ့ထုတ်လုပ်မယ်



နိုက်ထရိတ်ဆိုတာကို စွန့်ပစ်ရေဆိုးတွေထဲမှာအများဆုံးတွေ့ရလေ့ရှိပါတယ်။ အဲဒီနိုက်ထရိတ်ဆိုတာတွေက အပင်တွေကြီးထွားရှင်သန်မှုအတွက် တကယ့်ကိုအရေးပါတဲ့အရာဖြစ်ပေမယ့်လည်း ရေထဲမှာပမာဏအလွန်များပြားစွာပါဝင်နေရင်တော့ အဲဒီရေရဲ့အရည်အသွေးကလည်း ဆိုးဝါးစွာကျဆင်းသွားရပါတယ်။ ဒါဆိုရင် ရေထဲကနေ အဲဒီနိုက်ထရိတ်တွေကို ဘယ်လိုဖယ်ရှားရင်ကောင်းမလဲဆိုတာကို သုတေသနပညာရှင်များကလေ့လာမှုတွေလုပ်ဆောင်ခဲ့ကြပါတယ်။

ယေးတက္ကသိုလ်မှသုတေသနပညာရှင်များဟာ ရေဆိုးရေညစ်တွေထဲကနေ နိုက်ထရိတ်ကိုခွဲထုတ်ပြီး အမိုးနီးယားအဖြစ်ပြောင်းလဲပေးနိုင်မယ့်နည်းလမ်းတစ်ခုကို ဖော်ထုတ်လိုက်ပါတယ်။ အဲဒီနည်းလမ်းက တော်တော်လေးကိုအကျိုးရှိတယ်လို့ ပြောရမှာပါ။ ဘာကြောင့်လဲဆိုရင် နိုက်ထရိတ်ကိုခွဲထုတ်လိုက်ခြင်းအားဖြင့် သန့်ရှင်းတဲ့ရေကိုလည်းရရှိမယ်။ ဓာတ်မြေဩဇာနဲ့ ကာဗွန်ကင်းစင်တဲ့လောင်စာဆီကို ထုတ်လုပ်နိုင်စေမယ့် အဖိုးတန်လှသောအရင်းအမြစ်ကိုလည်းရရှိမှာဖြစ်ပါတယ်။

နိုက်ထရိတ်ကိုခွဲထုတ်ပြီး ဓာတ်မြေဩဇာဖြစ်တဲ့ အမိုးနီးယားအဖြစ်ပြောင်းလဲဖို့ဆိုတာက တကယ့်ကိုထူးခြားလှတဲ့လုပ်ငန်းစဉ်ကြီးတစ်ခုမဟုတ်ဘူးလို့ဆိုနိုင်ပေမယ့်လည်း အဲဒီပြောင်းလဲမှုကိုပဲ ထိထိရောက်ရောက်နဲ့ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်စေဖို့ဆိုတာကတော့ တကယ့်ကိုစိန်ခေါ်မှုကြီးတစ်ခုပါပဲ။ အဲဒီစိန်ခေါ်မှုတွေက မလိုလားအပ်တဲ့ဘေးထွက်ပစ္စည်းအနည်းဆုံးနဲ့ အမိုးနီးယားကိုရရှိစေဖို့ နိုက်ထရိတ်ကိုဘယ်လိုခွဲထုတ်မလဲဆိုတာရယ်၊ အဲဒီနည်းလမ်းကို ဘယ်လိုမျိုးအမြန်ဆုံးလုပ်မလဲဆိုတာရယ်တို့ဖြစ်ပါတယ်။

ဒီအတွက် ယေးတက္ကသိုလ်မှသုတေသနပညာရှင်များက အိုင်းယွန်းနိုဖိုးဆိုတဲ့မော်လီကျူးတစ်ခုကို မိတ်ဆက်လိုက်ပါတယ်။ အဲဒီမော်လီကျူးကဘယ်လိုအလုပ်လုပ်လဲဆိုရင် နိုက်ထရိတ်ကို အမိုးနီးယားအဖြစ်ပြောင်းလဲတဲ့လုပ်ငန်းစဉ်မှာ ပေါ်ထွက်လာတဲ့နိုက်ထရိုက်တွေကိုဆွဲယူမယ့် သံလိုက်တုံးလိုမျိုးလုပ်ဆောင်တာပါ။ ဒါကိုအသုံးပြုပြီး ပြောင်းလဲမှုလုပ်ငန်းစဉ်ကိုလုပ်ဆောင်လိုက်တဲ့အတွက်အမိုးနီးယားကို အသုံးပြုနိုင်လောက်တဲ့ပမာဏအထိ ထွက်လာစေတာဖြစ်ပါတယ်။

နောက်တစ်ခုတီထွင်မှုက လျှပ်စစ်စက်ကွင်းပါရှိတဲ့အလွှာပါးတစ်ခုဖြစ်ပါတယ်။ အဲဒီအလွှာပါးထဲမှာ ကြေးနဲ့ကာဗွန်နန်နိုအချောင်းလေးများပါဝင်ပါတယ်။ သူကပြောင်းလဲမှုလုပ်ငန်းစဉ်ကို အလွန်မြန်ဆန်စွာလုပ်ဆောင်ပေးနိုင်စွမ်းရှိတာကိုတွေ့ရပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် နိုက်ထရိတ်ကနေ အမိုးနီးယားရရှိဖို့ ပြောင်းလဲတဲ့လုပ်ငန်းစဉ်က နာရီနဲ့ချီပြီးကြာမြင့်လေ့ရှိပါတယ်။ အခုတော့ အချိန် ၆ စက္ကန့်အတွင်းမှာပဲ လုပ်ငန်းစဉ်တစ်ခုလုံး အပြီးသတ်သွားနိုင်တာကို တွေ့ရတာကြောင့် ဒီနည်းလမ်းက လက်တွေ့ပိုပြီး အလုပ်တွင်မှာအမှန်ပါပဲ။ **Ref: IE**

**ကိုထက်**

# တရုတ်က နေရောင်ခြည်စွမ်းအင်ကို အများဆုံးအသုံးပြုနိုင်သူအဖြစ် စံချိန်အသစ်တင်

**ပေကျင်း၊ ပြည်တွင်းရေး**


အစိမ်းရောင်စွမ်းအင်ကို ပိုမိုအသုံးပြုလာသော တရုတ်နိုင်ငံသည် ယခုအခါ နေရောင်ခြည်စွမ်းအင်ကို အများဆုံးအသုံးပြုသည့်နိုင်ငံအဖြစ် စံချိန်အသစ်ထပ်တင်လိုက်နိုင်ပြီဖြစ်ကြောင်းသိရသည်။

မေလအတွင်း တရုတ်နိုင်ငံက ဆိုလာပြားများတပ်ဆင်ပြီး ရယူအသုံးပြုသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပမာဏသည် ၉၃ ဂစ်ဂါဝပ်အထိရှိရာ ထိုပမာဏသည် ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း အခြားနိုင်ငံများတပ်ဆင်အသုံးပြုသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပမာဏထက် များပြားကြောင်း တရုတ်နိုင်ငံ အမျိုးသားစွမ်းအင်အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

ထို့ပြင် ယင်းပမာဏသည် တရုတ်နိုင်ငံကပြီးခဲ့သည့်နှစ်အလားတူကာလအတွင်း ရယူအသုံးပြုခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပမာဏထက် ၄ ဆပိုများကြောင်းနှင့် လစဉ်ဆိုလာပြားများတပ်ဆင်ထုတ်လုပ်သုံးစွဲလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပမာဏတွင် အများဆုံးဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်၏ ငါးလတာကာလအတွင်း တရုတ်နိုင်ငံက ထုတ်လုပ်အသုံးပြုလျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပမာဏသည် ၁၉၈ ဂစ်ဂါဝပ်အထိရောက်ရှိလာသောကြောင့် တစ်ရက်လျှင် ထုတ်လုပ်အသုံးပြုနေသည့်လျှပ်စစ်ဓာတ်အားပမာဏ ၁ ဂစ်ဂါဝပ်အထိရှိသည်ဟုဆိုနိုင်သည်။

တရုတ်နိုင်ငံအတွင်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီများသည် အစိုးရကနောက်ထပ်ချမှတ်လာနိုင်သော ပြည့်ဖြိုးမြဲစွမ်းအင်ဈေးနှုန်းများကျဆင်းစေမည့် မူဝါဒပြောင်းလဲမှုများမတိုင်မီ ယခုကဲ့သို့ဆိုလာပြားများတပ်ဆင်မှုကို အလျင်စလိုလုပ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။ **Ref: RT**




# တရုတ်-အိန္ဒိယဆက်ဆံရေးက အပြုသဘောဆောင်ပြီး တိုးတက်လာမှုရှိဟု ဝမ်ယီပြော

**ပေကျင်း၊ ဆက်ဆံရေး**

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားဆက်ဆံရေးသည် အပြုသဘောဆောင်ပြီး တိုးတက်လာမှုရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေး အာဂျစ်ဒိုဗယ်နှင့် တွေ့ဆုံစဉ်ပြောသည်။

တရုတ်-အိန္ဒိယနယ်စပ်ရေးရာပြဿနာများအတွက် အထူးကိုယ်စားလှယ်တစ်ဦးဖြစ်သည့် အာဂျစ်ဒိုဗယ်သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးအကြံပေးများအစည်းအဝေးသို့တက်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်နေစဉ် ဝမ်ယီနှင့်တွေ့ဆုံခြင်းဖြစ်သည်။



ထို့ပြင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအတွက်အကျိုးရှိစေမည့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများရရှိစေနိုင်သော အရေးကြီးသည့်ဘုံသဘောတူညီချက်များအတိုင်းလိုက်နာကာ တစ်ဦးကတစ်ဦးကိုအန္တရာယ်မဖြစ်စေသင့်ကြောင်း၊ တစ်ဦးနှင့်တစ်ဦးသည် ပြိုင်ဘက်သဘောမျိုးထက် မိတ်ဖက်များအဖြစ်နေထိုင်သွားသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီကပြောထားသည်ဟုသိရသည်။

**Ref: RT**

# ပစိဖိတ်သမုဒ္ဒရာ၌ မီးလောင်နေသည့် EV တင်သင်္ဘောနစ်မြုပ်

**လန်ဒန်၊ မတော်တဆမှု**

ပစိဖိတ်သမုဒ္ဒရာ၌ EV ကားများကို တင်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်း မီးလောင်ပြီးနောက် နစ်မြုပ်သွားကြောင်း Zodiac Maritime ကုမ္ပဏီက ဇွန်လ ၂၄ ရက်တွင်ထုတ်ပြန်သည်။

ထိုကုန်တင်သင်္ဘောသည် EV ကားအစီး ၈၀၀ ဝန်းကျင်အပါအဝင် ယာဉ်ပေါင်း ၃၀၀၀ ခန့်ကိုတင်ဆောင်လာခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် ကမ်းမှ ၅၇၉ ကီလိုမီတာအကွာ၌ရောက်ရှိနေကြောင်း၊ မီးလောင်မှု၊ ရာသီဥတုဆိုးဝါးမှုတို့ကြောင့် သင်္ဘောထဲသို့ရေဝင်ပြီး ဇွန်လ ၂၃ ရက်တွင် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ EV ကားများထားသည့်နေရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

### ဂျပန်က သင်္ဘောဖျက်ဒုံးကျည်ပစ်ခတ်မှုဖြင့် ပထမဆုံးလေ့ကျင့်ခန်းပြုလုပ်

ဂျပန်မြေပြင်တပ်ဖွဲ့သည် Type 88 သင်္ဘောဖျက်ဒုံးကျည်လက်တွေ့ပစ်ခတ်မှုဖြင့် ပထမဆုံးလေ့ကျင့်ခန်းကို ဇွန်လ ၂၄ ရက်တွင်လုပ်ဆောင်သည်။ အဆိုပါလေ့ကျင့်မှုကို ဟော့ကိုင်းဒိုးရှိ လေယာဉ်ပစ်လက်နက်စက်ပစ်ကွင်း၌ လုပ်ဆောင်ခြင်းဖြစ်သည်။

ရောက်ရှိနိုင်သည့်အကွာအဝေး ကီလိုမီတာ ၁၀၀ ခန့်ရှိသော အဆိုပါဒုံးကျည်နောက်တစ်ကြိမ်လက်တွေ့ပစ်ခတ်မှုကို လေ့ကျင့်မှုပြီးဆုံးမည့် ဇွန်လ ၂၉ ရက်မတိုင်မီလုပ်ဆောင်သွားရန်စီစဉ်ထားသည်ဟု ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုသည် နောင်တွင်လည်း အလားတူ ဒုံးကျည်များအသုံးပြုလေ့ကျင့်မှုကို ဆက်လက်ဖြစ်ပေါ်စေနိုင်သည့်အတွက် ထိုအခြေအနေကိုလက်မခံနိုင်သူများက လေ့ကျင့်ခန်းမလုပ်ဆောင်မီတွင် ဆန္ဒပြမှုများလုပ်ဆောင်သည်။

ဂျပန်မြေပြင်တပ်ဖွဲ့အနေဖြင့် Type 88 အပြင် Type 12 သင်္ဘောဖျက်ဒုံးကျည်အသစ်ကိုလည်း နေရာချလေ့ကျင့်မှုလုပ်ဆောင်ကြောင်းသိရသည်။ **Ref: Xinhua**

### ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းဒေသ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများပြားနေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကမ်းရိုးတန်းဒေသများသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်လေ့ရှိသည့် ဒေသများမဟုတ်သော်လည်း ယခုအခါ ယင်းဒေသများတွင် ထိုရောဂါဖြစ်ပွားသူ များပြားနေကြောင်းနှင့် ဆေးရုံများတွင်လည်း မနိုင်မနင်းဖြစ်ကာ ကြမ်းပြင်များ၌ဆင်း၍ ဆေးကုသမှုခံယူနေရသူများပင်ရှိကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အဆိုပါမြစ်ဝကျွန်းပေါ်ဒေသများတွင် သန့်ရှင်းမှုရှိသည့်သောက်သုံးရေရရှိမှုမရှိကြောင်း၊ ထို့ကြောင့်ပင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက် မြင့်တက်လာရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါ၏ နှိပ်စက်မှုကြောင့် မိတကွဲ၊ ဖတကွဲဖြစ်ရသူများလည်း အများအပြားရှိကြောင်း၊ ရောဂါပြင်းထန်မှုကြောင့် ကိုယ်တွင်းသွေးယိုစိမ့်မှုဖြစ်ကာ နား၊ နှာခေါင်းတို့မှသွေးထွက်သူများလည်းရှိကြောင်း၊ ယခုနှစ်၌ ထိုရောဂါကြောင့် နိုင်ငံအတွင်းသေဆုံးသူ ၃၁ ဦးရှိပြီဖြစ်ကြောင်းသိရသည်။

**Ref: TST**

### အစ္စရေးနှင့်အီရန် အပစ်ရပ်ရန်သဘောတူသော်လည်း အပြန်အလှန်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

အစ္စရေးနိုင်ငံနှင့် အီရန်နိုင်ငံတို့က နှစ်နိုင်ငံကြားဖြစ်ပွားနေသော ပဋိပက္ခတွင် အပစ်ရပ်ရန် သဘောတူလိုက်သော်လည်း အပြန်အလှန်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေကြောင်းသိရသည်။

အီရန်အပေါ် အမေရိကန်၏တိုက်ခိုက်မှုကိုလက်တုံ့ပြန်သည့်အနေဖြင့် အီရန်ကကာတာနိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခုကို ဒုံးကျည်များဖြင့်ပစ်ခတ်ပြီးနောက် ဇွန်လ ၂၄ ရက်တွင် အစ္စရေးနှင့်အီရန်တို့ကအပစ်ရပ်ရန် သဘောတူခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ထုတ်ပြန်သည်။

ထို့နောက် အီရန်အစိုးရက အစ္စရေးနှင့်၎င်းတို့အပေါ်ထောက်ခံနေသူများကို ပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်နေခြင်းကို ရပ်တန့်ကြောင်းနှင့် အစ္စရေးကလည်း အလားတူသဘောတူကြောင်း ထုတ်ပြန်ထားသည်။

သို့သော် နှစ်ဖက်အဖွဲ့များက အပစ်ရပ်ကြောင်းကြေညာသော်လည်း လက်တွေ့တွင်မူ အပြန်အလှန်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်းသိရသည်။ **Ref: RT**

### ကမ္ဘာကြီးက အရှုပ်ထွေးဆုံးသောအခြေအနေနှင့် ရင်ဆိုင်နေရဟု WEF ဥက္ကဋ္ဌပြော

ယနေ့ကမ္ဘာကြီးသည် အရှုပ်ထွေးဆုံးသောအခြေအနေနှင့်ရင်ဆိုင်နေရလျက်ရှိကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ဥက္ကဋ္ဌက ဇွန်လ ၂၄ ရက်တွင်ပြောသည်။ ထို့ပြင် ယင်းအခြေအနေသည် ကမ္ဘာကြီး၏တိုးတက်မှုအပေါ် သက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း ၎င်းကသတိပေးထားသည်။

ယခုအချိန်သည် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးတို့တွင် အရှုပ်ထွေးဆုံးသောအချိန်ဖြစ်ပြီး ဆယ်စုနှစ်များစွာ၌ ထိုကဲ့သို့သောအခြေအနေကို မြင်တွေ့ဖူးခြင်းမရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကိုပြန်လည်အသက်ဝင်အောင် လုပ်ဆောင်နိုင်ခြင်းမရှိပါက တိုးတက်မှုကျဆင်းသည့်အခြေအနေကို ဆယ်စုနှစ်တစ်ခုစာမြင်တွေ့ရမည်ဖြစ်ကြောင်း ဘော့ဘရန်းက ဖိုရမ်မစတင်မီ ပြောထားခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုပမာဏသည် ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်းထားသည်။ **Ref: TST**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅) ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၂၄**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာ ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကျော်ကျော်ဦးဆောင်သော လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။



လူကုန်ကူးမှုတားဆီးကာကွယ်ရေး နှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅) ကျင်းပစဉ်။

အစည်းအဝေးအား အစီအစဉ် ၆ ရပ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကျော်ကျော်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့လုပ်ငန်းကော်မတီ၏လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ပါ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီအနေနှင့် လုပ်ငန်းတာဝန် ၁၀ ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်းရှိအမျိုးသမီးများကို မိမိနိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ခေါ်ထုတ်သည်အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကိုဖော်ထုတ်ရရှိနေကြောင်း၊ မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန် ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကိုလက်တစ်လုံးခြား လုပ်နေသူများ၏ အသုံးချမှုမခံရစေရေး ဂရုပြုကြရန် အထူးမှာကြားလိုကြောင်း၊ မြန်မာနိုင်ငံထဲအထိ လက်ထပ်ရန်လာရောက်စည်းရုံးခဲ့သည့်ဖြစ်စဉ်များမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ယနေ့အထိ ၁၄ မှု ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်အတွင်း Online မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာ ထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များအား ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း။

Online လိမ်လည်မှုလုပ်ငန်းများတွင် အတင်းအကျပ် ဖိအားပေးစေခိုင်းခံနေရသည့် Victim များထဲတွင် နိုင်ငံအသီးသီးမှ ပညာတတ်လူငယ်များ ပါရှိနေသည်ကို တွေ့ရသလို မြန်မာနိုင်ငံမှ လူငယ်အချို့သည် အာဆီယံဒေသတွင်းနိုင်ငံအချို့တွင် Victim အဖြစ်ရောက်ရှိခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ Online လိမ်လည်မှုနှင့် ဆက်နွှယ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရေးဆွဲပြီး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစပြီး Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ကျူးလွန်သူများအနေဖြင့် Online မှတစ်ဆင့် မက်လုံးပေးလိမ်လည်မှုများ အပေါ်ယုံကြည်မှုလွန်ကဲခြင်းကြောင့်လူကုန်ကူးမှုကျူးလွန်ခြင်းခံနေရသည်ကို တွေ့ရှိရကြောင်း၊ ကျူးလွန်သူများသည် တိုးတက်လာသည့် နည်းပညာများကိုအခြေခံပြီး ကျူးလွန်ပုံများမှာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာ တားဆီးထိန်းချုပ်သွားရန် နည်းလမ်းများကို ဖော်ထုတ်သွားကြရန်လိုကြောင်း။

၂၀၂၄ ခုနှစ်အတွင်း လူကုန်ကူးမှုဖြင့် ၅၃ မှု အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဦးတည်နိုင်ငံများမှာ တရုတ်သို့ ၃၄ မှု၊ လာအိုသို့ ၁ မှု၊ ကမ္ဘောဒီးယားသို့ ၁ မှုနှင့် ပြည်တွင်း ၁၇ မှု ဖြစ်ပွားခဲ့ကြောင်း၊ အမှုအမျိုးအစားများမှာ အဓမ္မလက်ထပ်စေခြင်း ၃၅ မှု၊ ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း ၉ မှု၊ အဓမ္မအလုပ်ခိုင်းစေခြင်း ၁ မှု၊ ကိုယ်ဝန်အငှားဆောင်စေခြင်း ၁ မှုနှင့် အခြားနည်းလမ်းများဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း ၁ မှုတို့ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ ၂၀ ရက်နေ့အထိ လူကုန်ကူးမှု ၈၀ မှု အရေးယူနိုင်ခဲ့သောကြောင့် ယခင်နှစ်ထက် လူကုန်ကူးမှုများကို တိုးမြှင့်ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်အတွင်း ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် ၂၁၈ မှုနှင့်၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ ၂၀ ရက်နေ့အထိ ၄၂ မှုတို့ အရေးယူဆောင်ရွက်ခဲ့ရာ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နယ်စပ်ဝင်ပေါက်ထွက်ပေါက်များမှ တရားမဝင်သွားမည့်သူများကို တားဆီးအသိပညာပေးဆောင်ရွက်ပြီး နေရပ်ဒေသသို့ ပြန်လည်စေလွှတ်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ၄၃၃၇ ဦးနှင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ ၄၇၇ ဦးတို့ကို အသိပညာပေးတားဆီးပြန်လွှတ်နိုင်ခဲ့ပါကြောင်း။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သည့်အတွက် လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Billboard နှင့် ပိုစတာများစိုက်ထူခြင်း၊ Talk Show များ ပြုလုပ်ခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် အသိပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသခြင်း၊ အော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် အရေးပေါ်တိုင်ကြားနိုင်သည့် Hot Line ဖုန်းများထူထောင်ပြီး သတင်းများလက်ခံကာ အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသည့် လုပ်ငန်းကော်မတီမှ အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဇော်ဆန်းက ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကျော်ကျော်က ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးချပြခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၁၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၀၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇွန် ၂၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇွန် ၂၄**

၂၀၂၅ ခုနှစ် ဇွန်လ ၂၄ ရက် မြန်မာစံတော်ချိန် ၁၆ နာရီ ၄၇ မိနစ် ၁၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၁၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ (မိုး/ဇလ)

## နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်အတွင်း ရေဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၄**

ရေဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ မြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ပေါင်းလောင်း မြစ်၌ကျင်းပရာ နေပြည်တော်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆော်သြရေးသရုပ်ပြအဖွဲ့က စက်လှေဖြင့် မိုးလေဝသသတင်းနှင့် ကြိုတင် ပြင်ဆင်ခြင်းများဆောင်ရွက်နိုင်ရန် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခြင်း၊ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ အဖွဲ့က မြစ်တစ်ဖက်ကမ်းရှိ ရေဘေးသင့်ပြည်သူများ အား စက်လှေများဖြင့် သွားရောက်ခေါ်ဆောင်ခြင်း၊ ရေနစ်သူကိုကယ်ဆယ်ပေးခြင်း၊ ကူညီကယ်ဆယ်ရေး သရုပ်ပြအဖွဲ့က တစ်ဖက်ကမ်းမှ ရေဘေးရှောင် ပြည်သူများနှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အို များ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်များကို ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးခြင်း၊ ကယ်ဆယ် ရေးစခန်းသရုပ်ပြအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းအဖွဲ့တို့က ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိ လာသည့် ပြည်သူများအား နေရာချထားခြင်း၊ စာရင်း ကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်းတို့ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယာယီ ကယ်ဆယ်ရေးစခန်း၌ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြပွဲ၌ ပါဝင်ဆောင်ရွက်သူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်

**ဘားအံ ဇွန် ၂၄**

၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ် ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊အမျိုးသမီးပိုက်ကျော် ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့် ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ လှာကမြင် ကွက်သစ် ဖွဲ့ကပင်အားကစားကွင်း ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



အဆိုပါပိုက်ကျော်ခြင်းအားကစား ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းခုနစ်သင်း၊ အားကစားသမား ၉၁ ဦးဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသား လေးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် ဘားအံမြို့နယ်အသင်းနှင့် လှိုင်းဘွဲ့မြို့နယ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစား ဝါသနာရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြရာ အဆိုပါပွဲစဉ်တွင် ဘားအံမြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်း က နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ သည်။


ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့အဖွဲ့ဝင်များ က အမျိုးသမီးပြိုင်ပွဲအကောင်းဆုံး အားကစားသမားဆု၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အသင်းများ၊အမျိုးသမီးလေးယောက် တွဲပြိုင်ပွဲတွင် ဒုတိယနှင့် တတိယ ဆုရရှိသည့် အသင်းများကိုလည်း ကောင်း၊ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ပြည်နယ်အစိုးရ အဖွဲ့ဝင်များက အမျိုးသားပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆု၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ပထမ၊ဒုတိယ၊တတိယဆု၊အမျိုးသား လေးယောက်တွဲပြိုင်ပွဲ ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကို လည်းကောင်း တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် ဆုဖလားများပေးအပ် ချီးမြှင့်ပြီး ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက အမျိုးသမီးလေးယောက် တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦး ချင်းဆု၊ ငွေသားဆုငွေကျပ်ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ပထမဆု ရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ငမိုးရိပ်ရေလှောင်တမံနှင့် အလိုင်နီရေလှောင်တမံကြံ့ခိုင်မှု ရေဝင်ရောက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ် ကျော်နှင့် တာဝန်ရှိသူများသည် ဇွန်လ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီး ရှိငမိုးရိပ်ရေလှောင်တမံနှင့် ရေပိုလွှဲကြံ့ခိုင်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပဲခူး တိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ အလိုင်နီ ရေလှောင်တမံသို့ရောက်ရှိပြီး သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများ လျော့ပါးသက်သာစေမည့် အစီအမံများ ဆောင်ရွက်ထားရှိမှုနှင့် ရေပိုလွှဲအသစ် ထည့်သွင်းတည်ဆောက်ရန် လိုအပ်နေ သည့်အခြေအနေများကို တာဝန်ရှိသူများ က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဇလဗေဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

လက်ရှိတွင် အလိုင်နီရေလှောင်တမံ၌ ရေပိုလွှဲထည့်သွင်းတည်ဆောက်ထားခြင်း မရှိဘဲ ပိုလျှံရေများကို ဆက်သွယ်မြောင်း မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လဂွမ်းပြင်ရေလှောင်တမံထဲသို့ စီးဝင်စေ လျက်ရှိပြီး လဂွမ်းပြင်ရေလှောင်တမံ၏ ရေပိုလွှဲမှတစ်ဆင့် လဂွမ်းပြင်ချောင်းအတွင်း သို့စီးထွက်စေခြင်းဖြစ်သည်။ ပြောင်းလဲလာ သောရာသီဥတုဖြစ်စဉ်များအရ အလိုင်နီ ရေလှောင်တမံတွင် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေ၌ တမံရေရှည် ကြံ့ခိုင်မှုရှိစေရေးအတွက် ရေပိုလွှဲအသစ် ထည့်သွင်းတည်ဆောက်နိုင်ရေး တမံတစ်ခု ချင်းစီ၏ နှစ်စဉ်ရေဝင်ရောက်မှုအခြေ အနေနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာ မှုများအပေါ်အခြေခံ၍ ဒီဇိုင်းပြုရေးဆွဲ လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

